မြန်မာထက်နိုင့်စက်လှည့်စေမည်။

ဗုဒ္ဓသာသနာပြု

ဗုဒ္ဓဝါဒ-ဓမ္မဒေသက

**အရှင်ဝါသဝ**

၏

# ယနေ့-ဗုဒ္ဓဘာသာ

**ဗုဒ္ဓဝါဒကြေးကြော်သံ**

အမှတ် (၁၀)

---

သင်-ယနေ့—

ဗုဒ္ဓဘာသာဖြစ်ပြီလား ?

**ဤစာအုပ်ကိုဖတ်ကြည့်၊**

အမှန်မြင်လာလိမ့်မည်။

---

သူရိယ-မာသအလို

၁၃၁၆ ခု၊ တပို့တွဲလဆုတ်ပက္ခ (၇) ရက်၊ စနေနေ့။

5 th. MARCH. 1955. Saturday.

# ကျွန်ုပ်တို့ အမြင်။

ယခု နေ့ တချိန် ဗုဒ္ဓသာသနာရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့အမြင်မှာဗုဒ္ဓလက်တော်၌ရင်း၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း ၉၀၀ မြောက်၌ရင်း၊ အားရနစ်ခြိုက်ဖွယ် တောက်ပြောင် ထွန်းပ ကြည်လင်ဖွေးမြနေသည့် ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်ကြီးသည် တည်တန့် ခိုင်မြဲလျက်နေ ပေသည်၊ ထိုသည့် နှစ် လ ကာ လ သမယ ၌ကား၊ ထိုသည့် ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်ကြီးသည် ၂၀-၆-၅၅ ခု နေ့၊ နံက်ချိန်တွင် နေကြပ်သည့်အလား သေးသိမ် မှေးမှိန်လျက်နေသည်မှာ အမှန်ဖြစ်ပေသည်။

သို့ရာတွင် ထပ်မံ၍လေ့လာ သုံးသပ် ကြည့်ပြန်သော်၊ လွတ်လပ်သည့် ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်တွင် ထေရဝါဒ နိုင်ငံတို့ ပေါင်းစုကာ ဆဋ္ဌသံဂါယနာ တင်လျက်နေသည်ကို တွေ့နေရသဖြင့် ပထမသော် ကျွန်ုပ်တို့သည် များစွာ စိတ်ထက် သန်၍ အဆမတန် အားတက်ခဲ့ ကြကုန်ပြီ။ ယင်းသို့ပင် အားတက်မှိစေကာ ယနေ့ ဆဋ္ဌသံဂါယနာ တင်နေသည့် ပိဋက စာပေတို့ကို ဆရာ ကောင်းဌာန် နည်းနာခံ၍ အဖန်ဖန်လေ့လာဝေဖန်မှိသည့်အခါ၊ ယင်းသည့် ပိဋက စာပေတို့သည် သီဟိုဠ် ဆရာတို့ လုပ်ဇာတ်တွေကို သဝေ မကြဲ ကူးယူထားသည့် မန္တလေးမြို့ ကျောက်စာပုံကိုပင် အလေးတမူ အရေးယူ၍ တင်နေသည့် ဆဋ္ဌသံဂါယနာဟု သိရသော အခါ ထင်ကြေး မကိုက်သဖြင့် ကျွန်ုပ်တို့အမြင် နှင့် မတိုက်ဆိုင်သောကြောင့် ဟီးချ လိုက်ရလေ့သည်။

ယင်းသို့ဖြင့် ကျွန်ုပ်တို့သည်၊ ယနေ့တချိန်မှ နှောင်းကာလ တချိန် ဖြစ်သည့် နှစ်ပေါင်း (၁၆၀၀) ကျော် အတွင်းတွင် တခါတရံမှ ရှေးသား ဖေါ်ပြခြင်း မယှိခဲ့ပူးသေးသည့် ဗုဒ္ဓဝါဒ စစ်စစ် ဖြစ်သော၊ ဗုဒ္ဓဝါဒ ဓမ္မဒေသက အရှင်ဝါသဝ မထေရ် ရေးသားသည့် (ဗုဒ္ဓအခုဘယ်မှာလဲ?) ဟူသော ဗုဒ္ဓဝါဒကြွေးကြော်သံ အမှတ် (၆) ကို ၂ ကြိမ် တိုင်တိုင် ရိုက်နှိပ်၍ ဓမ္မဒါန ခေညာ လက်ဆောင်အဖြစ် ဝေငှခဲ့ပူး နှလပြီ။

F—No, 1

ယင်းသို့ဝေငှရာ၊ ထိုသည့် ကျွန်ုပ်တို့ ဝေငှသော (ဗုဒ္ဓအခုဘယ်မှာလဲ?) ဟူသော စာအုပ်ကို အခြေခံရကြသဖြင့်၊ မြန်မာပြည်မနှင့်တကွ ပြည်သေး ပြည်ငယ် သီးခြားနယ်ယို့ အရပ်ရပ်တို့၌ပင် ဗုဒ္ဓဝါဒီတို့သည် ပေါ်လွင်ဝန့်သေးသည့် ရှက်ပုန်းသီး ရှက်အုပ်သီး အဖြစ်ဖြင့် သီးလျက်နေကြသည်မှာ မြောက်မြားစွာ ယှိလှာကြလေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ ဗုဒ္ဓဝါဒအရ သာသနာပြုရ ကျိုးသည် ကြေနပ်ဖွယ် ဖြစ်ခဲ့ရလေပြီ။

ငှင်းပြင် ထပ်ဆင့်၍ ကျွန်ုပ်တို့အမြင်မှာ ယနေ့ မြန်မာနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့သည် များသောအားဖြင့်၊ သီဟိုဠ်ဆရာတို့ လုပ်ဇာတ်ခင်းထားခဲ့သည့် လမ်းစဉ်အတိုင်းသာ ဖြစ်သော—

၁။ တရားဟောပြောရေး သာသနာ၊
၂။ ကျန်းဂန်ပို့ချရေး သာသနာ၊
၃။ ကျန်းဂန်ဖွင့်ဆိုရေး သာသနာ၊
၄။ တရားနာယူရေး သာသနာ၊
၅။ ကျောင်း သာသနာ၊
၆။ သင်္ကန်း သာသနာ၊
၇။ ဆွမ်း သာသနာ၊
၈။ ဆေးပစ္စည်း သာသနာ၊
၉။ စေတီ ပုထိုး တည်ဆောက်ရေး သာသနာ၊
၁၀။ သီလစောင့်ရေး သာသနာ၊
၁၁။ ကမ္မဋ္ဌာန်း ပွားရေး သာသနာ

ဟူသည်တို့ကိုသာ အစွဲးအလန်းကြီးစွာ ဖြင့် ပြုလုပ် အားထုတ် ဆောင်ရွက် နေကြသည်ကို အမှန် မြင်တွေ့ နေရပြန်လေသည်၊ ၎င်းတို့ကားအမှန်အားဖြင့် ဦးသီဟိုဠ်တို့က မြဟ္မဏ ဘာသာ ပဟိန္ဒူဝါဒ နှင့် ရောစပ်မွှေနှောက်၍ လုပ်ဇာတ် သရုပ် ထုတ် လိုက် ခြင်း တို့ သာ ဖြစ် လသည်။

**အရေးကြီးသည့် သာသနာ**

သို့ရာတွင် ကျွန်ုပ်တို့အမြင်၌ ဗုဒ္ဓအလိုတော်ကျ အရေးကြီး၍ အမြဲလိုအပ်သည့် သာသနာမှာ၊ ဗုဒ္ဓဝါဒအစရ အမှန်တရားကို (လာဘ-သိလောက) (လာဘူပနိသ) စသည် ကင်းရှင်းစွာဖြင့် ဟောညွှန်ရေးသည် အရေးကြီးသည့် သာသနာ ဖြစ်လေသည်၊ ယင်းသို့ပင် အရေးကြီးစေကာ ဗုဒ္ဓဝါဒ တရားမှန်ကို အမှန်အကန်ရေးသားမှု သာသနာသည်လည်း ပိုမို၍ပင် အရေးကြီးသည့် သာသနာ ဖြစ်ပြန်လေသည်၊ ထို့ထက် အရေးကြီး၍ ခေတ်အလျောက်အမြဲလိုအပ်သည့် သာသနာမှာ အကယ်၍ ဗုဒ္ဓဝါဒ တရားမှန်ကိုအမှန်အကန်ရေးသားမှု သာသနာ ယိုစေကာ ငွေကြေး အကုန် အကျ ခံ၍ ပုံနှိပ်ထုတ်ဝေရေး သာသနာ ဖြစ်လေသည်၊ ထိုသည့် ပုံနှိပ်ထုတ်ဝေရေး သာသနာသည် ယနေ့တချိန်တွင်၊ ဗုဒ္ဓသာသနာရေး၌ အထူး အရေးကြီးသည့် အမြဲလိုအပ်သော သာသနာ ဖြစ်လေသည်။ ယင်းသည့် သာသနာ ပြုရေးသည် အမှန်စင်စစ် (ဓမ္မာနုဂ္ဂဟ) ဖြစ်၍ အလွန်မြင့်မြတ် ထွတ်ကဲးသည့် အလုပ်မျိုး သာသနာပြုခြင်းမျိုး ဖြစ်ပြန်လေသည်၊ ထိုစကားအလွန်မှန်လှ၏၊ (သဗ္ဗမ္မဿဝနံ အတိဒုလ္လဘံ) (သူတော်ကောင်းတရား နာကြားဖို့ရာ ခဲယဥ်းစွာ) ဟု.......ဟောတော်မူခဲ့လေပြီ။

သို့ရာတွင် တရား ဟောရေး, ရေးသားရေး, ပုံနှိပ် ထုတ်ဝေရေး သာသနာဟု အမျိုးမျိုး ယိုရာတွင်လည်း ဗုဒ္ဓဘာသာဟူသည်တို့၌—

၁။ ကျောင်းတရား၊
၂။ ဆွမ်းတရား၊
၃။ သင်္ကန်းတရား၊
၄။ ဆေးပစ္စည်းတရား၊
၅။ သုမင်္ဂလ, ဒုမင်္ဂလ တရား

စသည်တို့မှာ (ဒုလ္လဘ) မျိုးဟု မဆိုရချေ၊ ဗုဒ္ဓ၏ အလိုကျ ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်၏ ၃ တန်သော လွတ်မြောက်ရေး တရားသည်သာလျှင် ( နာကြားဖို့ရာ ခဲယဥ်းစွာ ) ဆိုသည့် ( ဒုလ္လဘ ) မျိုး ဖြစ်လေသည်။

ထိုသည့်-သဒ္ဓမ္မ တရားမျိုးသာလျှင် ဗုဒ္ဓ၏အလိုတော်ကျ ဖြစ်သော

၁။ ဗဟုဇန ဟိတာယ—ယနေ့ ကပ္ပါသားတို့ စီးပွါးရ၊

၂။ ဗဟုဇန သု ခါယ—ယနေ့ကပ္ပါသားတို့ချမ်းသာရ၊

၃။ လောကာနုကမ္ပါယ—ယ နေ့ က ပ္ပါ သား တို့ အား သနားရာကျ၊

ဖြစ်ရလေသည်။ ၎င်းပြင် ထိုသည့် သဒ္ဓမ္မ ခေါ် သူတော် တရားသည် အစ အလယ် အဆုံး ၃ ပါးလုံး ကောင်းကျိုး ပြည့်နှက် အနက် သဒ္ဒါ စုံလင်စွာ ဖြစ်သည်။ ထိုသည့် တရားသည် သာလျှင်မဂ် ရကြောင်း အကျင့်မြတ်ဖြစ်သည်။

ထိုသည့် စကားကို ဗုဒ္ဓက ပထမ ဝါသ်ဆိုပြီးနောက်၊ တန်ဆောင် မုန်းလသို့ အရောက်တွင် ပဉ္စဝဂ် အမှူးယှိ ရဟန်း ခြောက်ကျိပ်တို့ အား ဒေသ အသီးသီး၊ အရပ်အသီးသီးကို မရပ်မနား လှည့်လည်၍ ညွှန်ပြကြကုန်ဟု ဆုံးမတော် မူခဲ့ပူးလေသည်။

ထိုသည့်နောက်၊ အရှင်သာရိပုတ် စသော မထေရ် မြတ် ကြီး တို့ လည်း၊ ဗုဒ္ဓဝါဒလမ်းစဉ်အတိုင်း လှည့်လည်ကာ ဆောင်ရွက်ကြလေ သည်။ အရှင်မဟာကဿပ မထေရ်မြတ်ကြီးပင် ဗုဒ္ဓဝါဒ လမ်းစဉ်အ တိုင်း ဒေသစာရီ လှည့်လည် နေခိုက် ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာ မလ္လာမင်း တို့ ဌာနီသို့နောက်မှပင် မှီလိုက်ရလေသည်။ ယင်းသို့ဖြင့် ဗုဒ္ဓ၏ ဗုဒ္ဓ ဝါဒအမှန်၊ ဓမ္မသည် ကပ္ပါသစ် ကပ္ပါဟောင်း ၂ ရပ်တွင် အလွန်ပင် ထင်ရှား ပြန့်ကျယ်ခဲ့လေသည်။

## ၎င်းနောက် သံဂါယနာ ၃ တန်တင်ခဲ့သည့်

၁။ အရှင်မဟာ ကဿပ အမှူးယှိသံဃာ၊

၂။ အရှင်မဟာ သယ အမှူးယှိသံဃာ၊

၃။ အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿအမှူးယှိသံဃာ တို့နှင့်တကွ ဗုဒ္ဓသာသနာကို အလွန်မတန် လေး စားသည့်—

၁ အဇာတသတ်မင်း
၂ ကာလာသောကမင်း
၃။- အသောကမင်း

စသော အပေါင်းပါ ဗုဒ္ဓဝါဒီ စစ်တို့သည်လည်း၊ ဗုဒ္ဓဝါဒ မြေ့မှန်ကို ထင်ရှားပေါ်လွင်စေလျက်၊ ဗုဒ္ဓဘာသာဝင် လူဒုတရပ်လုံးအား ယနေ့အကျိုးရ၊ အကာလိကမြေ့ကိုပင် ကိုယ်တိုင်အမှန်မြင်ခဲ့ကြလေပြီ။

ပထမ သံဂါယနာ အကြိမ်ကမူ ဗုဒ္ဓသာသနာရန်စွယ် အန္တရာယ်ဟုဆိုအပ်သော မနေ့နှင့် နက်ဖြန်သမား မိစ္ဆာတရားတို့ကို မင်းအာဏာဖြင့် ကာကွယ်ရန် တာဝန်ခံ သည့် အဇာတသတ် မင်းသည်ကား၊ ဗုဒ္ဓမျက်မှောက်၌ပင် မနေ့နှင့် နက်ဖြန်ကို ညွှန်နေသည့် မိစ္ဆာဘုရား ၆ ဦးသားတို့ဌာန် ကိုယ်တိုင်ပန်ကြား လျှောက်ထားပြီး၍၊ ယင်းသည့် မိစ္ဆာဘုရား ၆ ဦးသားတို့ ညွှန်ပြသည့် မနေ့နှင့်နက်ဖြန် ကောင်းကျိုးရ တရားတွေကို မကြေနပ်သဖြင့်၊ ဗုဒ္ဓဌာန် လာရောက်၍ ကိုယ်ကိုင်မေးလျှောက်ရကာ သာမညဖလ သုတ္တန်ဟူသော ယနေ့ကောင်းကျိုးရ၊ အကာလိက မြေ့ကို နာကြား၍ နားဥာဏ် ရပြီး ဖြစ်ပေရကား၊ ထိုသည့် မိစ္ဆာ ဘုရားတို့၏ ဂိုဏ်းဝင် ရဟန်းယုတ် သုဘဒ်ရှင်နှင့် တကွအပေါင်းပါ တို့ကို နှိမ်နင်းသည့် သံဂါယနာကို တင်ထားတော် မူခဲ့လေပြီ။

ဒုတိယ သံဂါယနာမှာ၊ ဗုဒ္ဓဝါဒ၌ အရင်းကျ ဖြစ်သော ဝိနယသာသနာကို တော်လှန် ဖျက်ဆီးကြသည့် ရဟန်းယုတ် အရေခြုံသစ္စာဖောက်တို့အား၊ မထောက်မထား ငဲ့ကွက်ခြင်းစသည် ကင်းပ၍၊ ဗုဒ္ဓဝါဒ ဝိနယ သာသနာကို အရှင် မဟာယသ ဌာန်မှ ဗုဒ္ဓဝါဒ မြေ့မှန်ကို နည်းနာကျန ကိုယ်ပိုင်ရသည့်၊ က ၁ လ ၁ သောက မင်းကို အစောင့် အရှောက်ပြုကာ သံဂါယနာ တင်လျက် ဗုဒ္ဓ ဘာ သာဝင် လူဒုအတွက် ယနေ့ ကျိုးရ၊ ဗုဒ္ဓဝါဒ အကာလိက မြေ့ကို ဖြန့်ချီတော်မူခဲ့လေပြီ။

တတိယ သံဂါယနာမှာ ဗုဒ္ဓဝါဒ မြေ့မှန်ကို အဖန်ဖန် တော်လှန် တိုက်ဖျက်နေသည့် ဗြဟ္မဏ ဘာသာ ဟိန္ဒူဝါဒကို လက်ကိုင်ပြုကာ

အသားထဲမှ လောက်ထွက် နေကြသည့်၊ မိစ္ဆာယူမှား ရဟန်းယုတ်များကို သုမ်သင် ရှင်းလင်းလိုသဖြင့်၊ အရှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်မြတ် ဌာန်မှ ဗုဒ္ဓ၏ အမှန်ဓမ္မကို နည်းနာ ကျနစွာ အမှန်မြင်ရှုသည့် အသောကမြတ် မင်းဥက္ကဋ္ဌကို အစောင့် အရှောက် ပြုကာ သံဂါယနာ တင်လျက် ဗုဒ္ဓဘာသာဝင် လူဒုတရပ်လုံး၏ အတွက် ဆောင်ရွက် တော်မူခဲ့လေပြီ။ ထိုသည့်အခါက အသောက မင်းမြတ်သည်၊ လူသား သံဃါနှင့်က အိုးအိမ်နှင့်နေကြသူ တို့ လိုက်နာ ကျင့်ဆောင်ကြစေရန် မင်္ဂလာဟူသော တရားဒေသနာ ကို ကျောက်တွင် ရေးသား၍ လူဒုအများ မြင်နိုင်သည့် နေရာ တနေရာတွင် စိုက်ထူ ထားခဲ့လေသည်။ ထိုသည့်ခေတ်က အမြဲးလိုအပ်သည့် ပုံနှိပ်ထုတ်ဝေရေး သာသနာအတွက် ဆောင်ရွက်ရန် ပုံနှိပ်စက်စသည်များ မယှိသေး ရကား၊ ကျောက်ထက်တွင်ရေးသား၍ ယင်းသည့် ပုံနှိပ်ထုတ်ဝေရေး သာသနာကို အသောက မင်ကြီး ပြုလုပ် ဆောင်ရွက် ခဲ့ရလေသည်။

ယင်းသည့် အချိန်အတွင်းဝယ် ဗုဒ္ဓသာသနာတော်အတွက်အနှောင့် အယှက် တို့သည် ရင်ဆိုင် တွေ့ဆုံ ကြုံခဲ့ရစေကာ၊ ဗုဒ္ဓဝါဒကို အမှန်မြင်ကြသည့် အရှင်မဟာကဿပ အစယှိသော ရဟန္တာ မထေရ် မြတ်ကြီးတွေယှိနေပေရကား၊ ဗုဒ္ဓ၏ လိုရင်းကျ ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ဟူသော လွတ်မြောက်ရေးတရားသို့ ကေန်ဆိုက်ရောက်နိုင်သည့် ခလုပ်ကံသင်း ဆူးငြောင့် ကင်းသည့် ( မဇ္ဈိမ-ပဋိပဒါ ) ဟူသော လမ်းကောင်း လမ်းမွန် ကြီး၌ မိစ္ဆာဒိဋ္ဌိ အယူဝါဒ ဖြစ်သော မနေ့နှင့် နက်ဖြန် ဘေးရန်တွေ ကင်းပလျက် သန့်ရှင်းစင်ကြယ်စွာ ကြံ့ခိုင် တည်မြဲလျက် ယှိနေပေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည်လည်း၊ ထိုသည့် သာသနာပြုနည်း တရထိ အမြင် ဉာဏ်မှီလျက် ဗုဒ္ဓဝါဒ သိပ္ပံ ဗုဒ္ဓဝါဒ ဓမ္မဒေသက အရှင်ဝါသဝ မထေရ် ရေးသားစီရင်အပ်သည့် (ယနေ့ဗုဒ္ဓဘာသာ) ဟူသော

ဗုဒ္ဓဝါဒ ကြေးကြော်သံ အမှတ်(၁၀)ကို မိမိတို့နှင့် မျိုးတူ၊ ဇာတ်တူ ဘဝတူ၊ ပုံစံတူ၊ ကပ္ပါမြေပြင်သား အသီးသီးတို့အား၊ ဗုဒ္ဓဝါဒ ဓမ္မမှန်ကို ကောန် သိမြင်ရန် အတွက်၎င်း၊ ဗုဒ္ဓအလိုကျ အရေးတကြီး အမြဲတစေ အလွန်လိုနေအပ်သည့် ခေတ်အား လျော်စွာ ပုံနှိပ် ထုတ်ဝေရေး သာသနာကို ပြုလိုဆောင်ရွက်လိုသော အတွက်၎င်း, ယင်းသို့ဖြင့် (ကျွန်ုပ်တို့အမြင်) ကို မြန်မာနှင့် ကပ္ပါသားတို့အား၊ တိကျပြတ်သားစွာ ဖေါ်ပြ၍ ဓမ္မဒါန မေတ္တာလက်ဆောင် အဖြစ်ဖြင့်မိမိတို့ စွမ်းအားရှိသလောက် သာသနာပြုနည်း အနှစ်အသားယှိ အကောင်းစားကိုပင် ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်အရ ထုတ်ဝေခြင်း ဟူသော တရားဟောပြောရေး သာသနာကို ဗုဒ္ဓကိုယ်စား အသွင်ထား၍ ညွှန်ပြထုတ်ဝေရခြင်း ဖြစ်ပါကြောင်း။

ဗုဒ္ဓသည်—မိမိကိုယ်တိုင် သိမြင်ရောက်ပြီး၊ ဓမ္မမှန်ကို ကိုယ်တော်အလား သတ္တဝါများကို သိစေတော်မူပါသို့။

ကျွန်ုပ်တို့လည်း-ကျွန်ုပ်တို့ ကိုယ်တိုင် သိမြင်ရောက်ပြီး ဗုဒ္ဓဝါဒ ဓမ္မမှန်ကို ကျွန်ုပ်တို့အလား ကျွန်ုပ်တို့နှင့် မျိုးတူ၊ ဇာတ်တူ၊ ဘဝတူ၊ ပုံစံတူ ကပ္ပါလောက မြေပြင် သားတို့အား သိစေလိုသောကြောင့် ဤသို့ထုတ်ဝေရေး သာသနာကို ပြုရခြင်းဖြစ်သည်။

## သင်္ချိုဟ်းစာ

| | | |
|---|---|---|
| မ တ ရား | — | တရားဖြစ်တတ်သည်။ |
| တ ရား က ား | — | မတရားဖြစ်တတ်သည်။ |
| အကြောင်းကား | — | ကာလရှည်လျားတည်။ |
| ခေတ်ကြိုက်သား | — | ဥာဏ်များလှချေသည်။ |

(မှတ်ချက်) အစွဲးအသန်းယိုတရားဟူသမျှ ဗုဒ္ဓတရားမဟုတ်၊ ဗြဟ္မဏ ဘာသာဝင် ဟိန္ဒူဝါဒဘို့၏ တရားသာ ဖြစ်သည်။

ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ ၌ အစွဲးအလန်း ဟူသမျှ ဘာမျှ မယို၊ အထူးသဖြင့် ဘုရား ကိုသော်ပင် အစွဲးအလန်း မယိုချေ၊ အချုပ်ဝဏ္ဏလိ ကိုဟောခဲ့သည့် သုတ္တန်ဖြင့် အမှန် သိမြင်နိုင်လေသည်။

ဦးညွန့် – ဒေါ်သိန်းကြီး ၊

နှင့်

သားသမီးတစု ၊

ပုဇွန်တောင် - စက်ခပူရပ် ၊

ရန်ကုန်မြို့။

၂၂-၆-၅၅။

# ယနေ့ဗုဒ္ဓဘာသာ။

**ယနေ့ ဗုဒ္ဓဘာသာ** } **သာ** နေ့ ဗုဒ္ဓ ဘာသာ ဝင်တို့ကား၊ များ သော အားဖြင့်—

၁။ ကုသိုလ် အလွန်လိုချင်သည့် ဗုဒ္ဓဘာသာ၊

၂။ အကုသိုလ်အလွန်ကြောက်သည့် ဗုဒ္ဓဘာသာ၊

၃။ မဂ်ဖိုလ် နိဗ္ဗာန်ကို ရတဲ့အခါ ရ ပေ စေ တော့ ဟု ဆုတောင်းနေသည့် ဗုဒ္ဓဘာသာ—ဤသို့လျှင်အကျဉ်းအားဖြင့် ၃-မျိုး ယှိသည်။ ၎င်း ၃-မျိုးအနက် ၁-နာမ်ပါတ် အမျိုးမှာ မိမိတို့၏ လက် ယှိဘဝထက် နောင်ဘဝသစ် တခု၌ ဖြစ်ရရေးကို မြှော်လင့် ချက်ဖြင့် ပြုလုပ်နေသော အမျိုးဖြစ်သည်။ ဤသည့်အမျိုးသည် ယနေ့ဗုဒ္ဓဘာ သာလောကတွင် အများ ဆုံးဖြစ်သည်ဟု ဘာသာရေးသမားတွေက ထင်မြင် ယူဆသော်လည်း၊ ၂-နာမ်ပါတ် အမျိုးက သာ၍ပင် ပိုမိုများ ပြားနေလေသည်။ ယင်းသည့် ၂-မျိုးဖြင့် အချိုးချ ကြည့်လျှင် ၃-နာမ် ပါတ် အမျိုးက မယှိသလောက် နည်းပါး သည်ဟု ထင်ရ စေကာ၊ ထိုသည့် ၂-မျိုးထက် ရာနိုင်နှုန်းအပြည့်ယှိလေသည်။ အကြောင်းကား ဩကာသ ဝန္ဒနာဖြင့် ဘုရားရှိခိုး၍ နေကြသောကြောင့်တည်း။

အမှန်မှာ ဗုဒ္ဓဂေါတမ၏ အလိုက သူ၏ ပထမဆုံး ကြေငြာချက် တွင် ကုသိုလ်တွေ - အကုသိုလ်တွေ လုံးဝ မပါ မယှိချေ။ ဟာပွါမြေ ပြင်ပေါ်ယှိ သတ္တဝါတိုင်းတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသည့် သဘာဝ တရားကိုသာလျှင် မူတည်၍ ဟောညွှန်ခဲ့လေသည်။

သို့ပင် ဟောခဲ့စေကာ ယနေ့ဗုဒ္ဓဘာသာဘိုကို ပြောရလျှင်၊ အရွဲ့ တိုက် နေကြသည် ဟူသော စကားလုံးမှ တပါး၊ အခြား စကားလုံး သုံးစရာမယှိဖြစ်ပေသည်။ မှန်လှ၏၊ ဗုဒ္ဓဂေါတမက မေ့အမွေကို ခံယူ ကြလော့ ဟု လက်ညှိုးထိုးကာ တိုက်တွန်းခဲ့လေသည်။ ယနေ့ ဗုဒ္ဓဘာ သာ တွေက အရွဲ့တိုက်၍ အာမိသအမွေကို ခံယူနေကြလေသည်။

**ဗုဒ္ဓ၏ စကား** } **အို** ဗုဒ္ဓဘာသာဝင်တို့ သင်တို့သည်၊ ဓမ္မအမွေခံ ဖြစ်ကြကုန်။ အို-ဗုဒ္ဓဘာသာ ဝင်တို့၊ သင်တို့သည် လာဘ်ပူဇော် သက္ကာရ်နှင့် တကွ ချီးကျူး ခြင်းကို ရရောက် လိုသော အာမိသ အမွေခံ မဖြစ်ကြကုန်လင့်။

ယနေ့ ဗုဒ္ဓဘာသာ တို့ကား—လာဘ်ပူဇော် သက္ကာရ်နှင့် တကွ ချီးကျူးခြင်းကို ရရောက်လိုသော အာမိသ အမွေကိုသာ ခံယူနေကြလေသည်။

ဗုဒ္ဓက ထပ်မံညွှန်ပြ ပြန်သည်မှာ၊ အို-ဗုဒ္ဓဘာသာဝင်တို့၊ သင်တို့သည်၊ မည်သို့လျှင် ဓမ္မအမွေခံ ဖြစ်ကြကုန်မည်နည်း? အို-ဗုဒ္ဓဘာသာဝင်တို့၊ သင်တို့သည် မည်သို့လျှင် ပစ္စည်းအာမိသ အမွေခံ ဖြစ်ကြကုန်မည်နည်း?

အို-ဗုဒ္ဓဘာသာဝင်တို့ ဤပြဿနာ ၂ ရပ်သည်၊ သင်တို့ကို ဖက်ဆစ်အာဏာရှင်တို့ ဗိုလ်ထား၍ ပြုရမည်၊ကျင့်ရမည်၊မပြု မကျင့် မနေရ ဟု ဤကဲ့သို့ ညွှန်ပြသည် မဟုတ်ချေ။ သင်တို့အပေါ်၌ အမြဲငဲ့ကွက် စောင့်ရှောက်ရမည့် လူ့ဝတ်တရား ဝန်ထမ်းစိတ်ကို ဖြစ်၍သာ ညွှန်ပြထားခဲ့လေပြီ။

## တပည့်မကောင်း-ဆရာခေါင်း။

**အို** ဗုဒ္ဓဘာသာတို့၊သင်တို့က ပစ္စည်း အာမိသ အမွေခံတို့သာဖြစ်ကြကုန်၍၊ ဓမ္မအမွေခံ မဖြစ်ကြကုန်အံ့။ထိုသို့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာတို့သည်၊ လာဘ်ပူဇော်သက္ကာရ် ချီးကျူး ခြင်းကိုသာအလိုရှိကြ လေကုန်သည်၊ ဓမ္မအမွေခံ မဖြစ်ကြကုန်ဟု သင်တို့ကို ထိုသည့် ဘုရားလောင် ဖဲ-ဦးတို့နှင့် တကွ၊ ၎င်းတို့၏ တပည့် တကာ-ဘကာမတို့က စွပ်စွဲခြင်းခံရကြကုန်မည်။ ငါ့ကိုလည်း သူ၏ ဗုဒ္ဓဘာသာ ဝင်တို့ကား၊ ပစ္စည်း အမွေခံသာ ဖြစ်ကြကုန်၍ တရားအမွေခံ မဖြစ်ကြကုန် ဟူ၍လည်း၊ ထိုသည့်သူတို့က စွပ်စွဲခြင်းကိုခံရဖွယ်ဖြစ်လေပြီ။ ယင်းသို့ဖြင့် တပည့် မကောင်း-ဆရာ့ခေါင်း ဖြစ်ပေရာသည်။ ထို့ကြောင့်—

အို-ဗုဒ္ဓဘာသာဝင်တို့၊ သင်တို့သည် ငါ၏ တရားအမွေခံသာ ဖြစ်ကြကုန်၊ ပစ္စည်းအမွေခံ မဖြစ်ကြကုန်လင့်ဟု ညွှန်ပြထားခဲ့လေပြီ။

ဤသည့် ဗုဒ္ဓစကား၌ ဓမ္မဟူသည် မဂ် ဖိုလ် နိဗ္ဗာန်ကို ဆိုသည့်မှန်လှ၏။ ယနေ့ မြန်မာနှင့် ကမ္ဘာ၌ လူမျိုးတိုင်းတွင် ဘာသာသည်ယိုကြလေသည်။ ၎င်းတို့ဘာသာ တိုင်းတို့၌လည်း.......

၁။ ဘုရား၊
၂။ တရား၊
၃။ ပုဉ်းကြီး၊

ဤသို့အားဖြင့် အသီးသီးယိုကြလေသည်။ ထိုသည့် ၃ မျိုးသည်အမည်ချင်းတူနေကြလေသည်။ ယင်းသို့အမည်ချင်းတူနေကြသဖြင့် ၎င်းတို့ကတခါတခါ ထွက်လာသည့် လေသံမှာ၊ဘုရားခြင်းအတူတူပါပဲ၊ဘုရားဆိုဒါ တဆူထဲပါပဲဟူသဘတ်။ ယင်းသည့်စကားကို တချို့ဗုဒ္ဓဘာသာဝင်တွေက ဟုတ်သားပဲဟု လက်ခံကြသည်ကို ကျွန်ုပ် မျက်စိမြင် နားကြားဖြစ်သည်။ တချို့ယနေ့ ဗုဒ္ဓဘာသာဝင်တို့က မတူပူးမဟုတ်ပူးဟု ငြင်းပယ်သည်။သို့ရာတွင် ဘယ်လိုအားဖြင့် မတူပူးမဟုတ်ပူး ဟူသည်ကိုမူ၊အကြောင်းမပြပဲ မတူပူး၊မဟုတ်ပူး နှင့်သာ အတင်းပြော-ပြော၍နေသည်ကိုလည်း မျက်စိမြင် နားကြား ဖြစ်လေသည်။

တချို့ ယနေ့ဗုဒ္ဓဘာသာဝင်တို့ ဘယ့်လောက်အထုည့်ဖျင်းသလဲဆိုရင်၊ မိမိတို့ဘာသာဝင် ဗုဒ္ဓဂေါတမရဲ့ ဖြစ်စဉ်ကိုပင် မသိ နားမလယ်အောင် ညံ့သည်ကို တွေ့မြင်ရလေသည်။ အခြားဘာသာဝင်တို့ကမူ သူတို့ဘုရားဖြစ်စဉ်ကို ကလေးကစပြီး သိသင့်သလောက် သိထားကြလေသည်။ ဤမျှအထိ ကွာခြားလျက် နေကြလေသည်၊ ဤအကြောင်းကို ရေးရခြင်းပင် ကိုယ့်ပေါင်ကို ယ်လှန် ထောင်းသလိုဖြစ်နေပေသည်။ သို့ရာတွင် ဘာသာရေး၌ ပေါ့တန်မှု မလေးလာမှုအတွက်သာ ဖေါ်ပြလိုသောကြောင့် မလွှဲမရှောင်သာ ရေးသားရခြင်းဖြစ်ပေသည်။

ဗုဒ္ဓ၏ ညွှန်ပြရေးသည်၊ အဘယ်မျှလောက် တိုတောင်း၍ အနှစ် အသားနှင့် ပြည့်စုံသလဲဆိုရင်၊ ယနေ့ဗုဒ္ဓဘာသာရေး သင်ပြသည့်ပညာ သင်ကြားရေး ဌာန တိုင်းမှာပင် သင်ကြားလျက် နေသည့် မင်္ဂလာ တရား၏ အစဦးစွာဖြစ်တဲ့ စကားတရပ်မှာ—

အ သေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနံ စ သေဝနာ၊
ပူဇာ စ ပူဇ နေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဖြစ်လေသည်။ ထိုသည့်စကားသည် မင်္ဂလာတရား ၃၈-ပါး ယှိသည် အနက်၊ ၃၅-ပါး၏ ခေါင်းတွဲကြီး ဖြစ်လေသည်။ ထိုသည့်မင်္ဂလာ ၃ ရပ်ကို တိကျ ပြတ်သားစွာ လေ့လာ ဝေဖန် သုံးသပ် မှီချေသော် ဗုဒ္ဓ၏ ဆိုလိုရင်း စကားကျ ဖြစ်သော ပဌမဆုံး လိုအပ်သည့် မဂ်ဖိုလ် နိဗ္ဗာန်ကို မပင်ပန်းပဲ အသာကလေး ဆိုက်ရောက် နိုင်သည်မှာ သတိလက်ကိုင်ယှိ ပညာသျှင်တို့ အမှန်မြင်ကြပေလိမ့်မည်၊

ဤသို့အားဖြင့် ဗုဒ္ဓဂေါတမ၏ ဗုဒ္ဓ ဘာသာကား၊ အခြားသော ဘာသာ အသီးသီးတို့ထက် အထက်တန်းကျ သာတမ်း ရနေသည် မှာ အခြားမဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန်ပင်ဖြစ်လေသည်။ ယင်းသို့ ဖြစ်သော ကြောင့် ဗုဒ္ဓကိုယ်တိုင်ကပင် ဗုဒ္ဓဘာသာဝင် အသီးညီးတို့အား ဓမ္မ အမွေခံ သာ ဖြစ်ကြရန်ကို အထပ်ထပ် အခါခါ ညွှန်ပြ ထား ခဲ့ခြင်း ဖြစ်သည်။

ယင်းသည့်စကားဖြင့် အခြားသော ဘာသာ အသီးသီး တို့၌— အာမိသအမွေယှိနေကြလေသည်မှာ ထင်ရှား လေသည်။ ယနေ့လည်း မျက်စိမြင် ကိုယ်တွေ့ ဖြစ်လေသည်။ ထို့ကြောင့် ဓမ္မအရ မဂ်ဖိုလ် နိဗ္ဗာန်သာ မုချ ဖြစ်သည်၊

**ယနေ့ဗုဒ္ဓဘာသာတို့ အယူတခု**

ယနေ့ ဗုဒ္ဓဘာသာတို့ အယူ တခုမှာ နိဗ္ဗာန် နှင့်ပတ်သက်သည့် အယူ တခုပင် ဖြစ်သည်။ အဘယ်သို့နည်း ? တချို့က နိဗ္ဗာန်ကို ဘုံတဘုံ အနေအားဖြင့် ယူဆကာ (စတုဘုမ္မိက)ဟု ပြောဆိုလေ့ ယိုကြလေ သည်။ တချို့က ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ကို အစွဲအမှတ်ပြု၍ ပြောဆိုနေကြ လေသည်။ ထိုစကားမှာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးမှ နိဗ္ဗာန်သို့ ရောက် သည်ဟု ဆိုလိုသည်။ ၎င်းစကားနှင့်တဆက်တည်း ယနေ့ဗုဒ္ဓဘာသာ ဝင်တို့၌ နှုတ်တက်ကာ ပြောဟော နေကြသည့်စကားတရပ်မှာ ဗုဒ္ဓ ဂေါတမ ဆံည်ပင် ဗောဓိပင်မှ ပရိနိဗ္ဗာန် ပြုသောနေ့အထိ ၄၅-နှစ် ၄၄-ဝါသ်အတွင်းမှာ (သ ဥပါဒိ သေသ နိဗ္ဗာန်) သို့ ဆိုက်ရောက်၍ ပရိနိဗ္ဗာန် ပြုပြီးမှသာ (အနုပ ဒိ သေသနိဗ္ဗာန်) သို့ ဆိုက်ရောက် သည်ဟူသတတ်။ တချို့ကလည်း နိဗ္ဗာန်ဆိုဒါ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ မယှိပူး၊ ခန္ဓာငါးပါး ရုပ်နာမ် တရားယှိနေရင် နိဗ္ဗာန် မဟုတ်ပူး စသည်ဖြင့် နှုတ်သီးတဲ့ရာ ပြောဆို ရေးသားနေကြသည် မှာ ကျွန်ုပ်တို့မျက်စိမြင် နားကြားဖြစ်ပေသည်။ ယင်းသို့ဖြင့် ယနေ့ဗုဒ္ဓ ဘာသာဝင်တို့သည်၊ မိမိတို့၏ နေ့ရေး၊ထိုင်ရေး၊စားရေး၊သောက်ရေး ပညာ သင်ကြားရေး၊ စီးပွားဥစ္စာရေး စသည့်စကားတို့ကို ပြောဆို လုပ်ကိုင်နေရာ၌ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာအယူ မဖြစ်စေကာ၊ ဘုရား,တရား, သံဃာ စသည့် ဘာသာရေး,သာသနာရေး တွေကိုပြောကြ လုပ်ကိုင် ကြသည့် အရာဌာနတို့၌ ပြောရင်း-ပြောရင်း၊ လုပ်ရင်း ကိုင်ရင်းဖြင့် မိစ္ဆာဒိဋ္ဌိ-မိစ္ဆာအယူတို့သည်၊ ဒီလှိုင်းကြီးတွေ တက်လာပိသကဲ့သို့ ဖြစ် ပေါ်၍လာကြ သည်မှာ၊ ယနေ့ မျက်မြင် ကိုယ်တွေ့ ဖြစ်ကြောင်းကို ဗုဒ္ဓဘာသာရေးနှင့် ဗုဒ္ဓသာသနာရေးကို တကယ် လေးလေး စားစား လိုက်နာ ဝေဖန်သူ-တကွဲ ပညာသျှင် တို့ကား အမှန်မြင် ကြပေလိမ့် မည်။

ဗုဒ္ဓ၏ ပထမ စကား } **ယင်း** သည့်နိဗ္ဗာန်နှင့်စပ်၍ ဗုဒ္ဓ၏ ပထမဆုံး ဖြစ်သော စကားမှာ တဆိမက်ခြင်းဖြစ် သောတဏှာ အကြွင်းမရှိ၊ ချုပ်ငြိမ်း ဧးမြဲနေခြင်းကို ဆိုထားလေသည်။ သေချာသည်ထက် သေချာရန် ထပ်၍ဆိုထားပြန်သည်မှာ—

၁။ စာဂေါ....စွန့်လွှတ်ထားရမည်၊
၂။ ပတိနိဿဂ္ဂေါ....အဖန်ဖန်စွန့်လွှတ်ထားရမည်၊
၃။ မုတ္တိ....လွှတ်လွှတ်စွန့်ထားရမည်၊

လွှတ်လွှတ် စွန့်ထားရမည် ဆိုဒါဘာလဲ? (အနာလယော) အနည်း ငယ်ကလေးမျှ အာသာဆန္ဒ တဆိမက်ခြင်း မယှိရပူးဟု ဆိုလိုသည်။ ဤသို့ဖြင့် ဗုဒ္ဓ၏ နိဗ္ဗာန်နှင့်ပတ်သက်၍ ညွှန်ပြထားသည်မှာ ၎င်းထက် ရှင်းတဲ့ စကားတရပ် ယှိပြန်သည်မှာ.......၊

သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ။

ဟူသောစကားပင်ဖြစ်လေသည်။ ယင်းသည့်စကားဖြင့် ဗုဒ္ဓ ဂေါတမဦ ဗောဓိပင်မှ ပရိနိဗ္ဗာန် မပြုမီ ၄၅ နှစ် ၄၄ ဝါသိအတွင်း၌ (အနုပါဒိ သေသ နိဗ္ဗာန်) သို့ဆိုက်ရောက်နေသည်မှာ ဝေဟင်မှာ လေယာဉ် ပျံသွားဒါထက် ထင်ရှားလေသည်။

ဝိနယ ပိဋက } **ယင်း** နယ-ပိဋက ဆိုသည်မှာ၊ ပတိပတ် အကျင့်ကို ဆိုသည်၊ ပတိပတ်အကျင့်ယှိသူ ယောဂီ သည်လည်း၊ အကျင့်၏ ဖြစ်ပွားကြောင်းဖြစ်၍ အကြောင်းခံ အားဖြင့် ရသည်။ အကျင့်ကို ပြဆိုရာ ဗုဒ္ဓဂေါတမ၏ စကားကို တည်ရာ ဌာန အားဖြင့် ဝိနယ-ပိဋက ကိုဆိုရသည်၊ ၎င်း၏ လိုရင်း အချုပ်မှာမူ ဗုဒ္ဓဘာသာ ဝင်တို့၏ မျက်စိ၊နား၊ နှာခေါင်း ၊ လျှာ၊ ကိုယ်၊ မန တို့ကိုစောင့်စီး ခြင်းပင် ဖြစ်သည်။ ယင်းသည့် ၆-မျိုး၊ ၆-တံခါးကို အပိတ် အဆို တရား ဆိုးတွေ ဖြစ်ပေါ် မလာအောင် ပြုပြင် ထားခြင်းမင် အကျင့်ဖြစ် သည်။ ၎င်းတို့ပင် ဝိနယ-ပိဋကဟု တည်ရာ ဌာန အားဖြင့်၊ ညွှန်ပြ

ထားခဲ့လေသည်။အမှန်အတိုင်းဆိုရသော် မဂ်တန်-ဖိုလ်ပေါက် နိဗ္ဗာန်ဆိုက်ရောက်သည့် အကျင့်၏ တည်ရာဌာနကိုသာ ဝိနယ-ပိဋက ဟုဆိုသည်။ယင်းသို့ဖြင့် ယနေ့ ဗုဒ္ဓဘာသာဝင်တို့ကား၊ အသို့နည်း? စာဖတ်သူ စဉ်းစားဖွယ် ဖြစ်သည်။

ယနေ့ ဗုဒ္ဓဘာသာဝင်တွေက ဝိနယ-ပိဋကကို တဖက်သတ် ဒိဂရီချထားသည်မှာ သင်္ကန်းဝတ်တဦးသာ ဟု ချထားလေသည်။ ဗုဒ္ဓဂေါတမကား ဤသို့မဟုတ်ချေ။ယနေ့ ဝိနယ-ပိဋကကိုလေ့လာပြီးအယူသည်းနေဖို့မဟုတ်။ သဘာဝအနေဖြင့် လေ့လာကြည့်ရှု ရန်သာ ဖြစ်သည်၊ ယနေ့ဝိနယ-ပိဋကကား များပြားလှပေစွ၊ ရဟန်း များလည်း လိုက်နာ နိုင်ခဲလေစွ။

သင်္ကန်းဝတ် အငယ်စား စာသင်သားတို့ကို မဆိုထားပါ။ ယနေ့ ခေတ်ဆတော်ဟု သမုတ်ထားသူများပင် မလိုက်နာနိုင်ကြချေ။ မှန်လှ၏၊ယနေ့အာဏာရ နေသူတို့သည်၊ ထိုသည့် အကျင့်တည်တန့်နိုင်မြဲရေးအတွက် ဝိနယ-ပိဋက ကို လေး စားကြစေရန် (ဝိနိစ္ဆယ ဌာနအက်ဥပဒေ) တရပ်ကို ပါလီမန်လွှတ်တော်၌ အတည်ပြု၍ ဝိနည်းမိုရ်ဟူသော အာဏာကို အပ်နှင်းလိုက်လေသည်။ ၎င်းတို့ အထင်က သင်္ကန်းဝတ်တွေ အမှုအခင်းဖြစ်သော် တရား စီရင်ရန် လောက်သာ ထင်မြင် ယူဆ ကြဟန်တူသည်။ဗုဒ္ဓဂေါတမ၏လိုရင်းကျမှာမူ ဤသည့် ဝိနယ-ပိဋကကို မဂ်တန် ဖိုလ်ပေါက် နိဗ္ဗာန် ဆိုက်ရောက် သည့် အကျင့်အတွက် ရည်ရွယ်၍ ထားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ဖြင့် ယနေ့ အာဏာရနေသူတို့၏ ယူဆချက်နှင့် ဗုဒ္ဓဂေါတမ ၏ မြော်မှန်း ချက်သည် ကြည့်မမြင် နားမကြား နိုင်လောက်အောင် အဝေးကြီးဝေးလှပေသည်။

သို့ပင်ဖြစ်စေကာ၊ သူတို့သည်သူတို့နှင့် တော်တန် လောက်ရုံသာ ယူဆနိုင်ပေမည်။ဝိနည်းမိုရ်ဟု အမည်ခံယူထားသည့် ဆတော်တို့ကား ၎င်းသူတို့ထက် အဆပေါင်းများစွာပို၍ အမြင်သန့်ရှင်းရမည်ဖြစ်သည်။

ယင်းသို့ဖြင့် ဝိနယ၏ လိုရင်းကျ ဖြစ်သော မင်္ဂ ဖိုလ် ဉာဏ်အကျင့်နှင့် အမြင်မှန် မသန့်ရှင်းစေကာ၊ ထိုသည့် ဝိနယ နှင့် ဖြောင့်ဖြောင့် ဆန့် ကျင်သည့် လာဘသိသောက အဖို့၌ကား၊ ပါရာဇိကသို့ပင် ကျရောက် စေ၊ မထောက်မထား မှောက်မှောက်မှားမှားပြုကျင့်၍ နေကျသည်ကား ထမိန်-ပုဆိုး ဝတ်ဘို့ထက် ပင် မိတာပို၍ နေကြလေသည်။ မှန်လှ ပေ၏။ ၁၃၁၆ ခု၊ ၁၉၅၄ ခု၊ ဩဂုတ်လ မတိုင်မီ အချိန် အနည်းငယ် ခန့်က ရန်ကုန်မြို့၊ မြို့သုံးကျွာ် ရဟန်းတော်တို့သည်၊ ထိုသည့် ဝိနည်း မိုရ်ဘို့၏ ဝိနယဒေသနာနှင့် မညီညွတ်သည် တို့ကြောင့်၊ ၎င်းတို့အား ငဲ့ညှာသနားသဖြင့် ဝိနယ ဌာန အက်ဆန့်ကျင်ရေး အဖွဲ့ကြီး တဖွဲ့ကို ဖွဲ့စည်းဘည်ထောင်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်း ကောင်းမြားကို လည်း အကြောင်းကြားကာ စုပေါင်းပြီးလျှင်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ စိစစ်ရေး ကော်မီတီသို့ အကြံပေး၍ တိုက်ဖျက်ခဲ့လေပြီ။ ထိုသည့်တိုက် ဖျက်ရေး ဘွင် ကျောက်မြောင်း၊ အရှင်ဝါသဝ၏ ဗုဒ္ဓဝါဒ အဖွဲ့ဝင် ယောက်ျား—မိန်းမ ဗုဒ္ဓါဒီ ဝင်ဘို့သည်၊ ငွေအား လူအားဖြင့် အထူး ကြိုးစား၍ ကူညီကြလေသည်။ အရှက်နည်းလှသော အ ဝိ န ယ ဝါဒီ ဝိနည်းမိုရ်ဘို့သည်။ မိမိဘို့၌ ဤမျှလောက် လူ သိ နဘ်ကြားဆိုသည့် စကားကဲ့သို့ ဖြစ်၍ နေစေကာ၊ စေတနာ့ ဝန်ထမ်း ရာထူးကိုပင် လေး ကျွန်းဘက်နှင်း စကြာမင်း ရာထူးဟု မှတ်ထင်ကာ ဗုဒ္ဓ ဂေါတမ ၏ မင်္ဂ ဖိုလ် ဉာဏ်ရရောက်ရေး ဝိနယအကျင့်ကိုပင် ဖျက်ဆီးလို့ အား ရ တင်းတိမ် ရောင့်ရဲ တော်မမူကြသေးပဲ၊ ရဋ္ဌဂါရုကြီးကိုပင် မခ ပူး သော ခစားနည်းမျိုးဖြင့် အင်္ဂကြီး ၃ အင်္ဂက (စုံဆယ်ဖြာ ပန့်ထွာ ဦးတင်) အသွားမျိုးဖြင့် အသနားခံကြပြန်လေသည်။ ရဋ္ဌဂါရုကြီးကား ရေငုံဆရာတော် လုပ်၍ နေလိုက်လေသည်။

ဤသို့ဖြင့် ယနေ့ဗုဒ္ဓဘာသာကို လေ့လာကြည့် သည့် အခါ ဗုဒ္ဓ ဂေါတမ၏ အလိုတော်ကျဖြစ်သော ဓမ္မ အ မွေခံတို့က မယှိုသလောက် နည်းပါး၍ သာမိသ အမွေခံတို့က များပြားလျှက် နေကြသည်ကိုသာ အမှန်တွေ့မြင်နေရလေသည်။ ဤသည့်အထဲး ဝိနည်းမိုရ် တို့တွင်ကား—

များသော အားဖြင့်၊ စ ၃-လုံးကသာ လိုက်ခွင့် ရချေသော်၊ မလွတ်တန်းတို့ ဖြစ်နေကြမည် ဟူသတတ်။ယင်းသို့အားဖြင့် ဗုဒ္ဓသာသနာထမ်း ဦးသက်န်းတို့ ဖက်က ဤမျှလောက် ခေါင်ကာ မိုဃ်း ယို ကျနေရုံမက၊ ဒလဟော ဒီးကျနေသော် ထမိန်-ပုဆိုးတို့ကား အဘယ်ဆိုဖွယ်ရာယှိအံ့နည်း ဟု အပြစ်မပြောသာချေ၊မှန်လှ၏၊ထမိန်-ပုဆိုးတို့ကား၊ မျက်နှာလွှဲထား၍ မဖြစ်နိုင်သည့် မိ ဖ-သာ းမယား သမီးလင်များ၌ ပြုရမည့် ဝတ်တရားယှိကြပေသည်။ထိုသည့် ဝတ်တရားမှာလည်း အရိယာဇာတ်မြင့်မြတ်သော လူသားတို့သာလျှင်၊ တည်တန့်ကြံ့ခိုင်စွာ၊ ဦးလည် မသုံပြုလုပ် ဆောင်ရွက်နိုင်လေသည်။ ပုံစံကူ က မ် သ ဏ္ဍ ဝ ါ တို့မူကား၊ ထိုသည့်ဝတ်တရားကို ပြုနိုင်ခဲ့လေစွ။ထိုကြောင့် သောတာပန်ပယ်ခမ်းတွင် (သီလဗ္ဗတ ပရာမာသ သံယောဇဉ်) တပါး ပါယှိနေသည်၊ယနေ့ဗုဒ္ဓ ဘာသာ ဝင်တို့ကား ထို သည့် (သီ လ ဗ္ဗ တ ပ ရာ မ ာ သ သံယောဇဉ်) ကိုပင် ပယ်သတ်ရန် အတွက်ကို ဖယ်ထားပိ အဓိပ္ပါယ်သဘောပင် သိမြင်သူ ရှားလှပေသည်၊ ဤသည့်စကားကို ဤသို့ပြောရ ရေးရခြင်းပင် ယနေ့ ဆင္ဃသံဂါယနာတင် အရှင်တို့အားသတိပေးရခြင်း ဖြစ်လေသည်၊

**သာသနာ ပျူဆပုံ** } **သာ**သနာဟူသော စကားလုံးသည်၊ အမှန်မြင် အမှန်သိ ဉာဏ်ကို တိုက်ရိုက် ဆိုသည့်စကားလုံးဖြစ်သည်၊ဖင်းဖြင့်—

၁။ သီလ၊

၂။ သမာဓိ၊

၃။ ပညာ

ကိုအမှန်မြင် အမှန်သိတတ်သည့် ဉာဏ်ကို ဆိုလိုသည်၊ အမှန်ဆုံးကို ဆိုရလျှင်၊ မဂ်ဉာဏ်ဟူသော ပညာဖြစ်သည်။ ယင်းသည့် စကားဖြင့် လည်း၊ ဓမ္မအမွေကိုသာ ခံယူကြလော့ ဟူသော ဗု ဒ္ဓ ဝေ ဂ ါ တမ၏ စကားနှင့် တသားတည်း ကိုက်ညီလေသည်။ ယင်းသည့် သာသနာသည် ယနေ့ဗုဒ္ဓဘာသာဝင်တို့ အဆိုအားဖြင့်.......

၁။ ပရိယတ်၊
၂။ ပဋိပတ်၊
၃။ ပဋိဝေဓ၊

ဟူ၍ ၃-မျိုး ရှိပြန်လေသည်၊ ၎င်း ၃-မျိုးကိုပင် သဒ္ဓမ္မ ၃-မျိုးဟု ယနေ့ အဆို ရှိသည်။ ယင်းသည့် သဒ္ဓမ္မဆိုသော စကားမှာလည်း—ဗုဒ္ဓ ဂေါတမ အလို တော်ကျ မုချအားဖြင့်မဂ် ဖိုလ် နိဗ္ဗာန် ကိုသာ ဆိုလို သည်။

**ဗြဟ္မာ့စရိယ သာသနာ** ဗြဟ္မာ့စရိယသာသနာဆိုသည်မှာလိင်္ဂသာသနာကိုဆိုသည်၊ ၎င်းမှာ ယနေ့ ဗုဒ္ဓဘာသာဝင်တို့ မျက်စိဖြင့် မြင်နေကြသည့် သင်္ကန်းဝတ်ခေါ် ရှင်ရဟန်းများကို ဆိုသည်။ ၎င်းတို့သည်၊ မတည်တန့် မခိုင်ခန့်သော အဖြစ်-ပရမတ် စိတ်ဓာတ်ကို၊ လွတ်မြောက်ရေး ရရောက်ရန်၊မဂ်အကျင့်ကို ကျင့်ဆောင်သည့် အသွင် ကိုဆိုသည်၊ မှန်လှ၏။ သင်္ကန်း ဝတ်သည့် ရှင်ရဟန်းသည်၊ မဂ် ဖိုလ် နိဗ္ဗာန်ဟူသောသဒ္ဓမ္မကို မိမိကိုယ်တိုင် ရရောက်အောင် ကျင့်ဆောင်၍၊ မိမိအလား သတ္တဝါများကို ညွှန်ပြရေးအတွက်ဖြစ်သည်။ ယင်းသို့ဖြင့် ဤသည့် စကားသည်လည်း၊ဗုဒ္ဓ၏ ဓမ္မအမွေခံသာ ဖြစ်ကြကုန်လော့ဟု ညွှန်ပြထားခဲ့ခြင်းနှင့် ညီညွတ် တော်တန် လေသည်။ ဤသို့ ဖြင့်လည်း ယနေ့ ဗုဒ္ဓဘာသာတို့ကား အဘယ်သို့ပါနည်း ?။

**ပရိယတ္တိ သာသနာ** ပရိယတ္တိ သာသနာ ဆိုရာမှာလည်း။ ယနေ့ ပိဋက စာပေတွေကို သူ့အလိုလို သူ့ဘာသာ အားဖြင့်၊ တစုံ တခုသော နေရာ၌ စုပေါင်း တည်နေ ကာမျှ ကို၊ ပရိယတ္တိ သာသနာ တည်နေ သည်ဟု မဆိုလိုပေ၊ဆိုသင့်ပေ၏။ လွန်ခဲ့သော မြန်မာမင်း တခေတ်က မန္တလေး နေပြည်တော် ကြီး၌ မင်းတုန်း မင်းတြား ကြီး၏ ဓမ္မက္ခန် ကျောက်စာများ၊ အင်္ဂလိပ် မင်း တခေတ်က၊ ရသေ့ကြီး ဦးခန္တီ၏ ဓမ္မက္ခန် ကျောက်စာ များ၊ သို့တည်းမဟုတ်၊ ထိုထို ပိဋက တိုက်က ရိုက်နှိပ်သော ပုတ်အုပ်များ

ထင်ရှားယှိလျက်ပင် ဖြစ်စေကာ၊ ပရိယတ္တိသာသနာသည်။ကွယ်လျက်ပင်ယှိသည်။သို့ရာတွင် ယန္ဒေ ဆဋ္ဌသံဂါယနာ တင်နေသည့် ဓမ္မဂန္ထန်ပုတ်အုပ်တို့ကား၊ ပရိယတ် သာသနာတည်,မတည် ကွယ်,မကွယ်ကိုမူ ၎င်းတို့ ပြုလုပ်ဆောင်ရွက်နေသည့်သူများကပို၍ သိပေသည်။

သုတ္တန္တေ ရက္ခိတေ သန္တေ၊
ပတိပတ္တိ ဟောတိ ရက္ခိတာ၊
ပတိပတ္တိယံ ဌိတော ဓီရော၊
ယောဂက္ခေမာ န ဓံသတိ။

နိသျှသွား။ ။သုတ္တန္တေ-ဗိုလ်တကာတို့ သဒ္ဒါကို တက်တိုး၍ လောကကျိုး ကိစ္စပြီး လောကကြီး ကောင်းကျိုးရောက် နိဗ္ဗာန်ပေါက် လမ်းစခမ်း ကျင့်ခန်းတွေ အစားစားကို၊ အများနား အဝင်ချို ကြားရုံနှင့်ကျင့်လို ထိုထိုသူတို့ စရိုက်အကြိုက်ကျ ထုတ်ပြန်သည့် သုတ္တန်တရားတော်ဖြင့်၊သိမှတ်အပ်သည့် ပရိယတ် ကျမ်းဂန်ကို၊သန္တေ-စိတ်နှစ်လုံးထိတ်ဆုံးစွဲး၍၊ ကျိုးကဲး ကြောင်းခတ် ရွတ်ဖတ် သင်အံ၊ ဆင်ခြင်ဉာဏ်ဖြင့်၊ ဝေဖန်ခွဲးဖှက်၊ အနက် မဇုတ် မကွယ်၊ အဓိပ္ပါယ် ပေါ်ပေါ်လွင်လွင် ထင်ရှားစွာ ဖြစ်ယှိလျက်၊ ရက္ခိတေ-အဟုတ် ကျနှုတ်လွှတ်ရ၍ ဖြစ်စေ, အဓိပ္ပါယ်ကျ သိဒ္ဒင်ရ၍ ဖြစ်စေ,မသိတတ် သူအများလူငနွားတို့ကို၊ နားအထိ ပေါက်ကြား သိလောက်အောင် ဖြစ်စေ, နိုင်ငံတပါး၊ ဘာသာခြား၌၊ တရားတော် ပေါက် ရောက်၍ ထွန်းတောက်ရန်ဖြစ်စေ, အခြေခံ မမှောင့် မကောက်အောင်၊ စောင့်ရှောက်အပ်သည်ယှိသော်၊ ပတိပတ္တိ-မဂ် ဖိုလ် ရောက်ကြောင်း၊ ကျင့်ပေါင်းတည့်မတ်၊ ပတိပတ် သာသနာတော်သည်၊ ရက္ခိတာ-ဟောတိ-မှောင့်ရောင့် မမည်၊ ဖြောင့်ဖြောင့်ရှည်စွာ၊ တည်သည်ပင်ဖြစ်လေသတည်း။ ပတိပတ္တိယံ-သီလအဆင့် ဝတ်အကျင့်၌၊ ဌိတော-စောင့်ထိန်း စင်စွာ တည်နေပါသော၊ ဓီရော-ပတိသန်ဉာဉ်၊ အယာဉ်စုံပြည့်၊ ပညာယှိသူသည်၊ ယောဂက္ခေမာ-ယောဂကုန်ရာ, မဟာ အမတ၊ ဧးမြဲသော ချမ်းသာကြီးမှ၊ န ဓံသတိ-လျှောကျရန် အခွင့် မသင့်နိုင်တော့ချေ။

ဆိုလိုရင်းမှာ-ဗုဒ္ဓ၏ အလိုတော်ကျ ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန် ရရောက်ရေး အကျင့်တရားတွေကို၊ အမှန်နည်းကျ၊ သင်ကြားလေ့လာခြင်းယှိမှသာလျှင်။ ပရိယတ် သာသနာသည်၊ မကွယ်ပပဲး တည်တန့် နိုင်မြဲလျက် နေလေသည်။

ယင်းသို့ဖြင့်-ယနေ့ ဗုဒ္ဓဘာသာဝင်တို့ တံဆိပ်, တခွဲး, တတင်း, စသည့် ရလိုရေးအတွက်ရင်း၊ မိမိတို့၌ ရင်ဆိုင် တိုးနေသည့်၊ အပူနှင့် အမြတ်ကြီးစား စံနစ် ရလိုရေးအတွက်ရင်း, ရွတ်ဖတ် သင်အံခြင်း ပြုနေသည်ကိုမူ ပရိယတ္တိ သာသနာ တည်တန့်ခိုင်မြဲလျက် ယှိနေသည်ဟု ဗုဒ္ဓဂေါတမ က ဆိုလိုခဲ့သည်မဟုတ်ချေ။ သို့ရာတွင် ယနေ့ ဗုဒ္ဓဘာသာဝင်တို့က မူ ဆိုကောင်း ဆိုကြပေလိမ့်မည်။

ဤသို့ဖြင့် ပရိယတ် သင်ကြားရေး၌လည်း၊ သင်ကြားကာမျှ၊ ဂုဏ်ထူးဘွဲ့ထူး၊ အဆောင်အယောင် ရရောက်ရုံမျှကို မဆိုလိုချေ။ ထိုသည့် ပရိယတ်ထဲ၌ တည်ယှိနေသော ပဋိပတ် မဂ်ဖိုလ် ဉာဏ် ရရေးတို့အတွက် ဟုတ်မဟုတ်၊ မှန်မမှန် ကို၊ လေ့လာဝေဖန်ကာ ချပို့ သင်ကြားနိုင်မှသာ၊ ပရိယတ်-သာသနာ တည်သည်ဟု ဆိုလိုခြင်းကို မှတ်ယူရမည်။ ယင်းသို့ မဟုတ်က ပရိယတ် သာသနာ တည်သည်ဟု မဆိုနိုင်ကြောင်း မှန်သောအတိုင်း မှတ်ယူရမည်။

**ယနေ့ ဖြစ်ပုံ**

ယနေ့ဖြစ်ပုံမှာ ပရိယတ် သာသနာကို လေ့လာနေသည့် ဌာနတို့၌ပင်၊ ပဋိဝေဓ ဟူသော မဂ်ဖိုလ်နိဗ္ဗာန်သည်။ ကွယ်ပ ပျောက်ဆုံး လျက်နေသည်ကို အမှန် မြင်တွေ့ ကြားနေရလေသည်။ ဆတော် ဟူသောဘွဲ့ထူး ဂုဏ်ထူး အဆောင် အယောင် ထူး ရသော သူတို့ဌာန၌ဆိုလျှင်။ သာ၍ပင် ထိုသည့် ပဋိဝေဓ သာသနာသည်။ ကွယ်ပပျောက်ဆုံးလျက် နေလေသည်။ အကြောင်းကား။ ဗုဒ္ဓဝါဒ ဟူသော။ ပရိယတ်သာသနာတွင် အဋ္ဌကထာဝါဒ-နှင့် သုတ္တာနုလောမ ဝါဒ ပရိယတ်သာသနာ အတု အယောင်တွေက စိုးမိုးလျက် နေသောကြောင့် ဖြစ်လေသည်။ ယင်းသို့

အားဖြင့် မူလအခြေခံဖြစ်သော ပရိယတ်သာသနာသည်။ ဗုဒ္ဓဝါဒ မဟုတ်ချေသော်၊ ဗုဒ္ဓဂေါတမ၏ လိုရင်းကျဖြစ်သော ပတိပတ် သာသနာနှင့်။ ပတိဝေဓ သာသနာ တို့၌လည်း။ ဗုဒ္ဓဝါဒ အကျုံး ဝင်သည်မဟုတ်သဖြင့်။ ဗုဒ္ဓဝါဒ အစစ်အမှန် မဂ်ဉာဏ်။ ဖိုလ်ဉာဏ်၊ နိဗ္ဗာဏ်ဖြစ်သော လွတ်လပ်ရေးတို့သည်လည်း။ ယနေ့ ဗုဒ္ဓဘာသာ တို့၌ ကွယ်ပ တိမ်မြုပ်လျှက်နေရလေသည်။ ယင်းသို့ တိမ်မြုပ်ကွယ်ပ ၍နေပေရကား။ ဗုဒ္ဓဂေါတမ၏ နောက်ဆုံး အရှင်သုဘဒ္ဒကို မှာထား မိန့်ကြားခဲ့သည့်——

ဣမေစ သုဘဒ္ဒ,ဘိက္ခူ၊
သမ္မာဝိဟရေယျုံ၊
အသုညော လောကော၊
အရဟန္တေဟိ အသ။

အို သုဘဒ်! ဤသာသနာဝင် ရှင်နှင့်လူတို့သာ မှန်ကန်စွာကျင့်ဆောင် တည်နေကုန်ခဲ့အံ့၊ ဤသည့် လောကသည် ရဟန္တာ မသုဉ်းပေရာ—— ဟူသော ပရိယတ် သာသနာသည်လည်း၊ ယနေ့ ဗုဒ္ဓ ဘာသာတို့၌ ယိုသေးသည်၊ မယိုသေးသည်ကို စဉ်းစားဝေဖန်ရန် ဖြစ်လေသည်။

**လိင်္ဂ သာသနာ**

လိင်္ဂသာသနာ ဟူသောစကားကို၊ ယနေ့ဗုဒ္ဓဘာသာဝင်တို့ ကြားပူးနေကြသည့် စကားမှာ ဗုဒ္ဓဂေါတမ၏၊ ဗုဒ္ဓသာသနာတော်ကို သူတို့ တတွေ ရာဖြင့် လုပ်ထားသည့် နှစ်ပေါင်း ငါးထောင် ကုန် ဆုံးပြီး သည့်နောက်။သင်္ကန်းဝတ်တို့ကို မမြင်ရတော့ပဲ၊နားပေါက်၌ သင်္ကန်း ရောင်နှင့်တူသော ဝါဝါအစ ကလေးကိုချိထား ပန်ဆင်၍ နေသည် ကိုပင် သင်္ကန်းဝတ် ရဟန်းအမှတ်ပြုကာ။ ကိုးကွယ် ဆည်းကပ်ရမည် ဟူသတတ်။ မှားခြင်းကြီးမက မှားလေစွတကား။ အမှန်မှာ လိင်္ဂ သာသနာဆိုသည်မှာ ဗုဒ္ဓပရိနိဗ္ဗာဏ်ပြုပြီးသည့်နောက် ဗုဒ္ဓသာသနာကို ကြည်ညို လေးစားကြကုန်သော။ ဗုဒ္ဓဘာသာဝင်တို့အနက် အချို့သည် ဗုဒ္ဓအလို ကျဗုဒ္ဓအသွင်၌တည်နေ၍,ဗုဒ္ဓသာသနာဟူသောမဂ်ဖိုလ်ဉာဏ်

နိဗ္ဗာန်ကို တည်တန့် ခိုင်မြဲစေရန် ရွက်ဆောင် အားထုတ်နေကြသည့် လူ ရှင် ရဟန်းတို့ကိုဆိုသည်။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းပြောရသော်။ ဗုဒ္ဓဂေါတမကဲ့သို့ ဂေါ်ပိုလ် နိဗ္ဗာန် ၃ တန် သောချမ်းသာကို။ ပုခက်နှင့် ခေါင်း ၂ ခုစပ်ကြား ယနေ့ပင် ဆိုက်ရောက်ရန် ညွှန်ပြနေသည်ကို ဆိုသည်။ ဤသို့ဖြင့် ဗုဒ္ဓ၏ ပရိယတ်သာသနာတော်သည်။ ဗြဟ္မဏဝါဒ, ဟိန္ဒူဝါဒ တို့ကဲ့သို့ အမျိုးအစား ခွဲခြားကာ ညွှန်ပြချက် လုံးဝ မယှိဖြစ်လေသည်။ မှန်လှပေ၏။ ယနေ့အိန္ဒိယပြည်နယ်ယှိ ဟိန္ဒူ အယူခေါ် ဗြဟ္မဏဝါဒ၌ ဗြဟ္မ-သုတြ-စသော ဝေဒကျမ်း သံဟျာသမ္မုတိ-အင္ဂါရသ-ပုရာဏ် စသော ထိုထို ကျမ်းများတွင် ပြဆိုထားသည့်အတိုင်း ဣဿရခေါ် ထာဝရဘုရားရှင်၏ နှုတ်တော်မှ ဝေဒကျမ်းများဖြစ် ပွါး၍ ၎င်းများကို ကမ္ဘာသား အကျိုးရ ဆောင်ရွက်ရန်—

၁။ ဗြဟ္မဏ၊
၂။ ခတ္တိယ၊
၃။ ဝေဿ၊
၄။ သုဒ္ဒ၊

ဟူသော အမျိုး ၄ မျိုးကို ဖန်ဆင်းခဲ့လေသည် ဟူသတတ်။ ၎င်းတို့အနက်—

၁။ ဗြဟ္မဏ မျိုးက ဝေဒကျမ်းကို ဆောင်ရွက်သင်ကြားတရားနည်းညွှန်ရန်၊
၂။ ခတ္တိယ မျိုးက ထိုသည့် ဝေဒဆောင် ပုဂ္ဂိုလ်တို့၏ ဝေဒဆောင်ရေးတွင် အားပေး၍ အန္တရာယ်မှ ကာကွယ်ရန်၊
၃။ ဝေဿ မျိုးက ခတ္တိယနှင့် ဗြဟ္မဏမျိုးအား ဥစ္စာပစ္စည်းဖြင့် ထောက်ပံ့ အသုံးခံရန်၊
၄။ သုဒ္ဒမျိုးက အခြား အားလုံးသော အမျိုးတို့အား-အစေအပါးခံ နွားပုံဟန် အလုပ်လုပ်ရန်။

ဤသို့အားဖြင့် ဝေဒကျမ်း စောင့်ရှောက်ရန် ဥပါယ်ဥာဏ် ပြုထားလေသည်။

**ယနေ့ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာ**

ဤသို့အားဖြင့် ယနေ့ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာတို့သည်၊ အဘယ်သို့ထူးပါသေးသနည်း ? ဗုဒ္ဓဂေါတမ၏ ပရိယတ်စာပေကျမ်းဂန်ကို—

၁။ သင်္ကန်းဝတ်များက ဆောင်ရွက်သင်ကြား တရားနည်း ညွှန်ရန်၊

၂။ အာဏာရနေသူများက ထိုသည့် ပရိယတ်ဆောင် သင်္ကန်းဝတ်တို့၏ ပရိယတ်ဆောင်ရေးတွင် အားပေး၍ အန္တရာယ်မှ ကာကွယ်ရန်၊

၃။ သူဌေး-သူကြွယ် ကုန်သည်တို့က အာဏာ ရနေသူနှင့် သင်္ကန်းဝတ်တို့အားပစ္စည်းဥစ္စာဖြင့်ထောက်ပံ့အသုံးခံရန်၊

၄ ဘောင်သူ လယ်သမား၊ ခေါင်းရွက် ဗြတ်ထိုး အမျိုးမျိုး သော ဆင်းရဲသား ငကျောမွဲးတို့က အခြား ဆိုခဲ့ပြီး အားလုံး တို့ အား အစေအပါးခံ နွားပုံစံဖြင့် အလုပ်လုပ် ကျွန်ခံရန်၊

ယင်းသို့ဖြင့် ပရိယတ် စောင့်ရှောက်ရန် ဥပါယ်ဥာဏ် ပြုထားကြ လေသည်။

ယင်းသို့အားဖြင့် ယနေ့ ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာတို့ကို လေ့လာဝေဖန် ကြည့်ပါသော်၊ ပုံစံတခွက်ထဲးဖြစ်နေသည်ကို၊ အမှန် မျက်စိမြင် ကိုယ်တွေ့ ဖြစ်၍နေပေသည်။ မူလဗုဒ္ဓသာသနာကို တည် ဆောက်တော်မူခဲ့သော၊ ဗုဒ္ဓဂေါတမကား၊ ယနေ့ ဗုဒ္ဓ ဘာသာများ ပြုလုပ် ယူဆထားသကဲ့သို့ မဟုတ်ချေ။ ။

**ဗုဒ္ဓအလို မှာမူ**

ဗုဒ္ဓအလိုကို တိကျ ပြတ်သားစွာ ဆိုရချေသော်၊ ဗုဒ္ဓကား ဗြဟ္မဏဘာသာသကဲ့သို့ရင်း၊ သို့တည်း မဟုတ် ယနေ့ဗုဒ္ဓဘာသာဝင်တို့ ယူဆထားသကဲ့သို့ရင်း၊ လုံးဝ မဟုတ်ချေ။ အဟုတ်သော်ကား-သမ္ဗုဒ္ဓထွတ်တင် ဓမ္မရာဇ်သခင် ဗုဒ္ဓ ရှင်မှာမူ၊ ထိုသို့သော ဥပါယ်ဥာဏ်ဖြင့် ကြံစည် ပြုလုပ်ပုံ ဟန်ပန်

မလှသည်ကို၊ ဒိဋ္ဌိကိုယ်တွေ့ ဖြင့်ဘော်မူ၍ ထိုထက်ကောင်းမွန်သော သဒ္ဓမ္မ ဘဏ္ဍာ ဂါရိက နိုင်ခန့်လှသော သူတော်တရားဆောင် ရဟန်း ရှင်ပြု သက်နုံးဝတ် မဝတ်များကို၊ စည်းချဉ်းတကျ လောက၏ ကိလိသ် ရမ္မက်ဖြင့် မပျက်ရန်၊ ဝိနယဥပဒေကို စည်းအသေ အခိုင် အမာထားလျက်၊ တရားကျ မိမိတို့ပြုရာ ဝတ်နှင့် အကျင့်ထွက် မမွက် အသွယ်သွယ် ညွှန်ပြ၍ ကပ္ပါသား လောကသူတို့၏ အစီးအပွါး အားယိုဘိုင်း၊ စည်ပင်ရန် တည်ထွင် ဖန်ဆင်းဘော် မူခဲ့လေသည်ဟု သိယှိရန် ဖြစ်သေသည်။

ဗုဒ္ဓကား သူ၏ ၄၅ နှစ်၊ ၄၄ ဝါသ်တိုင်ဘိုင် ဟောညွှန် ထားခဲ့ သည့်၊ နိကာယ် ၅ ရပ်ကို တဦးတည်းပိုင် မဟုတ်ပဲ၊ဘုံဆိုင်-ဘုံဝါဒ အဖြစ်ချိုးဖြင့် ညွှန်ပြထားခဲ့သည့်ပြင်၊ ကာလမ ပုဏ္ဏားဘို့ကို အကြောင်း ပြု၍ လည်း၊ မည်သည့် ကျမ်းဂန်ကိုမျှ အခိုင်အမာဟု မယူ မစွဲကြပဲ မိမိဘို့၏ ကိုယ်ကြိုကိုယ်ယုံကိုသာပြုလုပ်ဆောင်ရွက် မှတ်သားရမည်ဟု ညွှန်ပြထားခဲ့လေသည်။

ယင်းသို့ဖြင့်၊ ယနေ့ဗုဒ္ဓဘာသာ နယ်မြေထဲဘွင် ခေတ်စားနေသည့် ပိဋကစာပေအရ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး၍ နှစ်ပေါင်း တဆောင်ကျော် လောက်မှ၊သီဟိုဠ်ပိဋက ဆောင်တို့ တည်ထွင်ခဲ့သော ပိဋက သုံးပုံဟု ဆိုအပ်သော—

၁။ သုတ္တန် ပိဋက၊
၂။ ဝိနယ ပိဋက၊
၃။ အဘိဓမ္မာပိဋက

တို့ဘွင် ၁ နာမ်ပါတ် + ၂ နာမ်ပါတ်ပိဋကဘို့သည်းဘုံဆိုင် ဘုံဝါဒ ပိဋကများဖြစ်လေသည်။ သို့ရာတွင် ၃ နာမ်ပါတ်ဖြစ်သော အဘိဓမ္မာ ပိဋက ကိုမူ၊ ထိုသည့် သီဟိုဠ် ပိဋကဆောင်ဘို့က ကောင်းကင်ဘုံ နန်းက၊ တာဝတိံသာ ပြည်သားတို့ကို ပုဂ္ဂလိက အခနဖြင့် ထားခဲ့ ကြလေသည်။ ယင်းသို့ပင် ထားခဲ့စေကာဗုဒ္ဓ၏ မြေပြင်ပေါ်ဘွင် ညွှန်ပြ ထားခဲ့သည့် ဗုဒ္ဓအဘိဓမ္မာမှာမူ ဘုံဝါဒဘုံပစ္စည်းပင် ဖြစ်လေသည်။ ယနေ့ ဗုဒ္ဓဘာသာဝင်တို့ကမူ၊သီဟိုဠ်ဆရာဘို့ ကောင်းကင်ဘုံနန်းသို့

ပုဂ္ဂလိက အဖြစ်ဖြင့် အပ်နှင်း ထားခဲ့သည့် တာဝတိံသာ အဘိဓမ္မာ ကိုပင် ဗုဒ္ဓအဘိဓမ္မာ ဟုစွဲးယူမှတ်သား လေ့လာနေကြလေသည်။

ယင်းသို့လေ့လာနေကြသည်ကို ကျွန်ုပ်တို့က အပြစ်ဟုမဆိုသော်လည်း အမှန်တရားသည်သာလျှင် အမှန်ဖြစ်သောမဂ်ဖိုလ်ဉာဏ်ကို ဖြစ်စေနိုင်သည်ကို သတိပြုရန် ဖြစ်သည်။ ၎င်းပြင် မှန်သောတရားကို မှန်သော အတိုင်းသိမြင်ရန်ကား၊ ဗုဒ္ဓဘာသာဝင်တရပ်လုံး၏ မျက်နှာလွှဲထား၍ မရသော တာဝန် ဝတ်တရားဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့လည်း ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ပေရကား၊ မိမိ၌တာဝန်ရှိ ဝတ်တရားသိဖြင့် ဤသို့ညွှန်ပြရခြင်း ဖြစ်လေသည်။

**အထူးသတိပြုရန်** — သို့ရာတွင် ယနေ့ဗုဒ္ဓဘာသာဝင်တို့ အထူး သတိပြုရန်မှာ ဗုဒ္ဓဂေါတမ၏ ဗုဒ္ဓ သာ သနာကို ယနေ့ ဗုဒ္ဓ ဘာသာဝင်တို့က ငါးထောင် သာ ယှိသည်ဟု ပြောဆို ရေးသားနေကြသော စကားပင် ဖြစ်လေသည်။ ထိုသည့်စကားသည် ဗုဒ္ဓ၏ နောက်ဆုံးအချိန် တချိန်ဝယ် အရှင်သုဘဒ္ဒ ကို ညွှန်ပြထားခဲ့သော—

ဣမေ စ သုဘဒ္ဒ ဘိက္ခူ၊
သမ္မာ ဝိဟရေယျုံ အသုညော၊
လောကော အရဟန္တေဟိ အဿ၊

ဟူသောစကားနှင့်၎င်း, ထို့အပြင် သဒ္ဓမ္မ သံ ဂါ ယ နာ တ င် ထေရ် အရှင်တို့၏—

ဝိနယောနာမ သာသနဿ အာယု၊
ဝိနယေ ဌိတေ သာသနံ ဌိတံ၊

ဝိနည်းတော်သည် သာသနာ တော်၏ အသက် ဖြစ်သည်။ ဝိနည်း တရားတော် တည်နေလျှင် သာသနာတော် တည်နေသည် ဟူသော စကားနှင့်၎င်း၊

## အပ္ပမတ္တာ န မီယန္တိ။

မမေ့လျော့သူ၊ မသေဟူ ဟု မိန့်ကြားထားခဲ့သည့် ဗုဒ္ဓ စကားတော်နှင့်ရှင်း၊ ဖြောင့်ဖြောင့် ဆန့်ကျင် လေသည်။ ယင်းသို့ဆန့်ကျင်နေသဖြင့် ထိုသည့် သာသနာ ငါးထောင်ဟု စွဲယူမှတ်သားကာပြောဆို ရေးသား နေကြသည့်သူတို့ကား။ အဘယ်မှာလျှင် ဗုဒ္ဓဘာသာဝင်များ ဖြစ်နိုင်ကြ ပါမည်နည်း ? ဤသို့ဖြင့်လည်း ယနေ့ ပညာရှိများ အထူးသတိပြုရန် ဖြစ်သည်။

**အရေးကြီးဆုံး အချက်** **၁၁** ယနေ့ ဗုဒ္ဓဘာသာဝင်တို့၌ အရေး ကြီးဆုံး အချက်ကား အားလုံး ကုန်အောင်စုံသော ဗုဒ္ဓ၏မဂ် ဖိုလ် နိဗ္ဗာန် ဆိုက်ရောက်ရေး လုပ်ငန်းသည်ရှင်း, ဈာန် အဘိညာဉ် ရရောက်ရေး လုပ်ငန်း သည်ရှင်း, ရှင်းလုပ်ငန်းတို့သည်၊ ပိဋကတော်၌သာ တည်ရှိသဖြင့် ထိုသည့် ပိဋက တတ်ကျွမ်းသူသည် ဗုဒ္ဓအရာအတန်း၌ တည်နေသည် ကို သိရန် အရေးကြီးဆုံးအချက်ဖြစ်သည်၊ ထို့ကြောင့် ထိုသို့သော ပိဋကတတ်သူ ဇကန် လူကောင်းဖြစ်ရန်လိုသည်။ အကြောင်းကား ထိုသည့် ပိဋက တတ်သူမကောင်းလျှင် ဗုဒ္ဓသာသနာတော်ကြီး ပြောင်းပြန် ဇောက်ထိုး ဖြစ်သွားလိမ့်မည်၊ ဆိုသင့်ပေစွ၊ ကဿပ ဗုဒ္ဓရှင် လက်ထက်တော်က (ကပိလ) ခေါ် ပိဋကတတ်ရဟန်းသည်၊

၁။ တရားကို မတရား၊

၂။ မတရားကို တရား၊

ဤသို့အားဖြင့်၊ အမှားကိုချည်း ပြုလုပ်သဖြင့်သာသနာတော် ဇောက်ထိုး မိုးမျှော် ဖြစ်ပူးလေပြီ၊ ယင်းသို့ဖြင့် ယနေ့ဗုဒ္ဓဘာသာဝင် သူစင်သူမြတ် တို့၌လည်း၊ ထိုသည့်ပိဋက တတ်မျိုးကိုလည်း သတိပြုရန် အရေး ကြီးဆုံးအချက်တခု ဖြစ်လေသည်။ မှန်လှ၏၊ ယနေ့အာဏာ ရနေ သူတို့အနက်၊ ကြီးကြီးမားမား မင်းကြီးကြီးက ယနေ့ဆဋ္ဌသံဂါယနာ

တင်နေသည့် ပိဋကတ် စာပေတို့သည်၊ အားလုံးကုန်အောင်စုံ တရားဖြစ်သည်၊ မှန်ကန်သည်ဟု မဆိုနိုင်သည့် သဘော သက်ဝင်သည့် စကားလုံးမျိုးဖြင့် သုံးကာ မြန်မာသို့ ကြေငြာခဲ့ပူးလေပြီ၊ ယင်းသည့် စကားနှင့် လျော်ညီ ဒုတိယ အကြိမ်မြောက် သံဂါယနာ အပြီးတွင် ထိုသည့် သံဂါယနာတင် ဝန်ဆောင်ရဟန်းတို့အား (ဗြဟ္မာ့ယာစန ကထာ ပြဿနာ) ဟူသောစကားကို ငင်းကြီးကြီးမားမား မင်းတြားကြီးကပင် လျှောက်ထားလေပြီ၊ သို့ရာတွင် ငင်းလျှောက်ထားသည့် စကားကိုကား ငင်းကိုယ်တိုင်ပင် ကြိုးစား အားပေး နေသည့် ယနေ့ ဆဋ္ဌသံဂါယနာ တင်တွင် ပထမ အကြိမ်မြောက်က သံဂါယနာတင် ပြီးခဲ့လေပြီ၊ ယင်းသို့ပင်တင်ပြီးရာ ဤသည့်စကားတွင်မက ဗုဒ္ဓစကား မဟုတ်သည့် အနန္တတို့ကိုလည်း ယနေ့ ဆဋ္ဌ၌ သံဂါယနာ တင်ပြီးခဲ့လေပြီ၊ ယင်းသို့ဖြင့် အကယ်၍ တိကျ ဖြစ်သားသည့် ဗုဒ္ဓဝါဒအတိုင်း အဖြေမှန် ဖြေကြားသော်၊ ထိုသည့်ဆဋ္ဌသံဂါယနာတင်ခြင်း၌ အဘယ် သို့သော အကျိုးသက်ရောက်ပါမည်နည်း? မူလဤသည့် သံဂါယနာ မတင်မီကပင် ထိုသည့် အမှားပေါင်း အနန္တကို သုမ်သင် ရှင်းလင်းရန် အတွက် ကျနုပ်တို့ကိုယ်တိုင်ရှေ့ဆောင် သတင်းစာမှ နေ၍ ရေးသားခဲ့ ပူးလေပြီ။ ဤစဉ် ကမူ ငင်းကြီးကြီးမားမားမင်း တြားကြီး၏ ညာလက်ရုံး သဖွယ် စကားကြွယ်သည့် သူတဦးက ကျနုပ်တို့ ရေးသားချက်ကို ရှေ့ဆောင်သတင်းစာမှမိတ္တူကူး၍ ယနေ့ဗုဒ္ဓဘာသာရေးခေါင်းဆောင် တို့ဌာန် တင်ပြကာ အရေး ယူဖို့ အားစိုက်ခဲ့ပူးလေပြီ၊ သို့ရာတွင် ကျနုပ်တို့ကား ထိုသည့်အာဏာရနေသူတို့က နိုင်သလို ပြု စေမည့် လောကဓမ်ကို သည်းခံရန် အသင့်ပြင်ဆင်ထားလေသည်၊ နောက်ဆုံး၌ ပကာသနီယကမ် ဂုဏ်ပိုင်သုင် အရှင်အာဒိစ္စဝံသ၏ အနွယ်အဆက် ဖြင့် ပြည်နှင်းကား ခလိုက်လေသည်။

ယင်းသို့ဖြင့် ထိုသည့်ကြီးကြီးမားမား မင်းတြားကြီး၏ (ဗြဟ္မာ့ ယာစန ကထာ ပြဿနာ) ကား မိမိတင်သည့် ဆဋ္ဌသံဂါယနာကို တပါးသူတို့ကဖျက် မိမိပင် ဖျက်သည်မှတပါး၊ အခြားမည်သို့မျှအကျိုး မထင်ချေဟု မှတ်ထိုက်လေသည်။

**အနည်းဆုံး ပြယ်များ } ၁၁** ဋကတတ် ပုဂ္ဂိုလ်တို့ အနည်းဆုံး လိုအပ်သည့် ပြဋ္ဌာယ်များကား—

၁။ ဒေသန္တရ ဗဟုဿုတ ယှိရမည်၊
၂။ ဘာသန္တရ ဗဟုဿုဘ ယှိရမည်၊
၃။ သမယန္တရ အယူဝါဒခြား ဗဟုဿုတ ယှိရမည်၊
၄။ နိစ္စမာပေ ပို့ချရေးကို ဂရုပြုသူဖြစ်ရမည်၊
၅။ ကျမ်းဂန် အကြီးအကျယ် ရေးသားသူဖြစ်ရမည်၊
၆။ လောကီ လောကုတ်ဆိုင်ရာ ဂန္ထန္တရဗဟုဿုတကောင်း စွာယှိရမည်၊
၇။ မိမိ ပိဋကဘာ၌ နိစ္စနား မျက်စိ ချထားသူဖြစ်ရမည်။

ဤသို့စသောဂုဏ်များနှင့် ပြည့်စုံလျှင် ပြု၍ ကောင်းမြောင်းခြင်းကင်း၍၊ တော်သင့်ရာသည်။ ယင်းသို့ဖြင့် ယနေ့ ဗုဒ္ဓ ဘာသာ ဝင်ဘို့သည်၊ ထိုသည့်ဂုဏ်ချားနှင့် ပြည့်စုံသည့် ပိဋက တတ် ပညာယှိ သူတော်သူမြတ်တို့ကို ဖြစ်မြောက်ရေးအတွက် အထူးပင် အားပေး ထိုက်လှပေသည်။

**မဂ်လာကြီး ၃-ရပ် } ၁၂** နိုပ်တို့၏ ယနေ့ဗုဒ္ဓဘာသာဝင် များစွာ တို့သည် တစ္ဆန်းတစကိုနာယူနားထောင်၍ ထင်ရာမှတ် ရောက်ဘတ်ရာ စွဲယူနေဘတ်ကြလေသည်။ ဤသို့ဖြစ်ခဲ့လျှင် ဘာတခုလုံး ဘာသာရေးဘရားအတွက် အသားဟာ် လုပ်ငန်းကိစ္စသည် အလဟဿ ပြုန်းတီးကြရလေသည်။ ထိုသို့မဖြစ်ရန်—

၁။ ပဏ္ဍိတာနံ သေဝန + သမဏာနံ ဒဿန-ပညာ ယှိသူ ရဟန်း သူတော်သူမြတ်ကို့ဥာန် ဆီးကပ်ခိုခြင်း၊
၂။ မမွ သဝန-ငင်းတို့ တရား စကားကို နားပါး ထောင်ယူ လိုက်နာခြင်း၊

၃။ ဓမ္မသာကစ္ဆာ - တရားလေးနက် ထိုထိုချက်၌ အကွက်ရောက် ဆွေးနွေး စုံစမ်းခြင်း၊

ဤသည့် ကြီးပွါး တိုးတက်ရေး မဂ်လာကြီး သုံးမျိုးကို ဖြည့်ကျင့်ကြရာသည်။ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် များစွာတို့အတွက်၊ကျုပ်တို့ ညွှန်ပြချက်၌ သိစရာ မှုချကား ဗုဒ္ဓသာသနာတော်ကြီးသည်၊ ဗုဒ္ဓရှင်၏ အလိုတော် တံခိုးတော် အာနုဘော် တော်နှင့် မပြီးနိုင်၊ ငင်းပြင်၊ ငင်း ဗုဒ္ဓရှင်က သာသနာတော် မည်မျှ ရှည်စေဟု ကာလကို ပိုင်းခြားကန့်သတ်၍ ထားနိုင်ရန် ဩဇာအာဏာလည်း မယှိ၊ စင်စစ်ကား အမှန်တရားတော်ကို ကုန်အောင်စုံ သိမြင်ညွှန်ပြရုံမျှ ပြုလုပ်နိုင်လေသည်။

**ဂဏက မောဂ္ဂလ္လာန သုတ္တန်**

ဥ န်လှပေ၏။ ဥပရိမ ပဏ္ဏာသ သက ဒေဝဒဟ ဝဂ္ဂဂဏက မောဂ္ဂလ္လာန သုတ္တန်၌ အို ပုဏ္ဏား ! ဤနည်းကျင့်လျှင်နိဗ္ဗာန်သည်းအထင်အရှား, နိဗ္ဗာန်သွား ခရီးအစဉ် မဂ္ဂင်ချပ်ပါးလည်း ထင်ထင်, သို့လျှင် ယူခွင့် သည့်နှယ် ကျင့်ဟု ကောင်းဆင့်ညွှန်ကြား ငါဗုဒ္ဓ ကိုယ်ဘိုးတော်လည်း ပစ္စက္ခဤသို့တိုင် ဖြစ်ထကာ၊ငါ့ဗုဒ္ဓဘာသာဝင် အများတို့သည်- သည့်နှယ်ဆုံးမ,သည့်နှယ်ကန့်မြစ်အပ်ကုန်လျက် အချို့အဆုံးတိုင်ရောက် နိဗ္ဗာန် ပေါက် ဖြစ်ကြ နစ်သက်ရကုန်သည်။ အချို့ကား ထို သို့ မနစ်သက် ကြရကုန်၊ အိုပုဏ္ဏား! ဤအရာ၀ယ ငါဗုဒ္ဓ အသို့ ပြုလုပ်နိုင်တော့အံ့နည်း။အိုပုဏ္ဏား ! ငါမူကား တရားမှန်ကို မှန်တိုင်း အတိ ကောန် သိ၍ တည့်မှန် ကြောင်း ခရီးညွှန်လမ်းပြသာ ဖြစ်ချေ၏။ဤသို့လျှင် ဗုဒ္ဓဂေါတမညွှန်ပြထားခဲ့လေပြီ။

**စာဖတ်သူ စဉ်းစားရန်**

ဤ နေရာ၌ တခမ်းရပ်၍ စာဖတ်သူ စဉ်းစားဖို့ကား ဗုဒ္ဓသည် ယနေ့ဗုဒ္ဓ ဘာသာ ဝင်တို့အတွက် အဘယ်သို့ တတ်နိုင် သနည်း ? မည်သို့မျှမတတ်နိုင်ချေ။ ဗုဒ္ဓဂေါတမ တတ်နိုင်သည်မှာ....!

၄၄၂၀

၁။ ပထမ မိမိကိုယ်တိုင် တရားမှန်ကို မှန်တိုင်း အတိအကျ ကောန်သိရမည်၊

၂။ ထိုသည့် တရားမှန်သည် တည့်မှန်ကြောင်းခရီးညွှန်လမ်းပြမှာ ဒုတိယဖြစ်သည်၊

ဤမျှသာလျှင် ဗုဒ္ဓဂေါတမ အစွမ်းကုန် တတ်နိုင်သည်။ ယင်းသို့ဖြင့် စာဖတ်သူ၏ မင်္ဂဖိုလ် နိဗ္ဗာန် ဟူသော ဓမ္မအမွေ ခံယူရေးသည် စာဖတ်သူကိုယ်တိုင် လိုက်နာ ဆောင်ရွက် ပြုလုပ်ရမည် ဖြစ်သည်။

သို့ရာတွင် ယနေ့ ဗုဒ္ဓ ဘာသာဝင်တို့ကား၊ ဤသို့ ဗုဒ္ဓညွှန်ပြသည့် လမ်းစဉ်အတိုင်း မဟုတ်ချေ၊ မှန်လှပေ၏။ ၎င်းတို့အယူအစွဲမှာ မိမိတို့ကိုယ်တိုင် ပြုလုပ်ဆောင်ရွက်ရမည်ဟူ၍ နားမလည်။ တချို့ကမူ ဗုဒ္ဓကို နားပူနေကြလေသည်။ တချို့ကမူ စာပေကို ရိုးမယ်ဖွဲ့ နေကြပေသည်။ တချို့ကမူ မိမိတို့ကို မဆိုထားနှင့်၊ အိုးအိမ်တည်တောင် ထမီ ပုဆိုးကို ရှောင်ထွက်ကာ နေကြသည့် သက်နိုးဝတ်တို့ပင် မရနိုင် မရောက်နိုင်သေးပဲ၊ မိမိတို့အဘယ်သို့လျှင် ရရောက်နိုင်ပါမည်နည်း ? ဟု သင်္ကန်းဝတ်ကို နမူနာတင်နေကြသည်၊ တချို့ကလည်းဗုဒ္ဓ၏ မနေ့ကဖြစ်စဉ်ကို ယနေ့ယှိသည်ထင်ပြီး ပါရမီဟူသော စကားလုံးကပ်ကာ၊ အာဝါသနေကြပြန်လေသည်။ တချို့ကလည်း နှသည်ရင့်သည်ဟု ဂဏန်းမယှိသော သင်္ချာကို အဖြေရအောင် စိတ်ကူး စိတ်သန်းဖြင့် ရော်ယမ်းပြီး ပေါင်းချည်တခါ၊ နုတ်ချည် တလှဲ၊ မြှောက်ချည် ဟလီ၊ စားချည် တဝဖြင့် ညွှန်ပြ ရေးသားနေကြလေသည်။ ဤသည့် ယနေ့ ဗုဒ္ဓ ဘာသာ့တို့၏ ယူဆကာ ပြောဆိုရေးသားနေကြသည့် အစွဲအယူတို့ကို စာဖတ်သူ ထပ်ပြီး စဉ်းစားဝေဖန်ဖို့မှာ—

၁၊ ယနေ့ ဗုဒ္ဓ၏ ညွှန်ပြရေး ပရိယတ်သာသနာ ဗုဒ္ဓဘာသာဝင်တို့ မျက်မှောက်၌ မယှိတော့ပြီလော ?

ရှပ်ာန်းတော်တွေ အရောင်လွှမ်းကာ လျှန်းလှန်းတောက် ယှိနေသဖြင့် ဗုဒ္ဓ၏ ထိုသည့် ပရိယတ်သာသနာ ယှိနေသေးသည်မှာ ထင်ရှား

လေသည်။ ယင်းသည့်ပရိယတ် ထင်ရှား ယိုနေသဖြင့်၊ ၎င်းကို မှီ၍ ဖြစ်သောပဋိပတ်သာသနာ ထင်ရှားယိုနေသည်မှာ၊ ထင်ရှားပြန်လေသည်၊ ယင်းသည့်ပဋိပတ် ထင်ရှား ယို နေပြန်သဖြင့် ပဋိဝေဓ ဟူသော မဂ် ဖိုလ် နိဗ္ဗာန် ထင်ရှားယိုနေသည်မှာလည်း အမှန်ဖြစ်လေသည်။ ထိုသို့ဖြစ်နေလျက် ဗုဒ္ဓ လက်ထက်တော်ကလည်း ဤသည့် ပရိယတ် ဟူသော ဗုဒ္ဓ၏ ညွှန်ကြားရေးကို အမှီပြု၍ ပဋိပတ် ဟူသော ကျင့်လမ်းမှန်ဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓ သို့ ဆိုက်ရောက်ကြလေသည်။ ယနေ့လည်း ဤအတိုင်းပင် ထိုသည့်တရားများ တည်ယို၍ နေပါလျက် ဆိုခဲ့ပြီး၊ ယနေ့ဗုဒ္ဓဘာသာဝင်တို့၏ ယူဆပြောဆိုရေးသား နေကြခြင်းကို၊ စာဖတ်သူသည်လက်ငင်း လေ့လာစဉ်းစားရန် ဖြစ်သည်။

အတိုအကျဉ်းဖော်ပြရသော ဗုဒ္ဓ၏မှာစကားသည် ယနေ့ယိုနေသည်။ ယင်းသို့ယိုနေရာ ထိုသည့် မှာစကား လာစကားတို့ကိုသာ ယနေ့ ဗုဒ္ဓဘာသာသည် နားလည်နိုင် နားမလည် နိုင်ကို စဉ်းစား ဝေဖန်ရန် ဖြစ်သည်။

ယင်းသို့ဝေဖန်ရာ ထိုသည့်မှာစကား၌ ဗုဒ္ဓကသေရခြင်းသည် ဆင်းရဲသည်ဟု ညွှန်ပြ ထားသည်၊ ထိုသည့်ဗုဒ္ဓ၏ ညွှန်ပြချက်ကို ယနေ့ ဗုဒ္ဓဘာသာဝင်တွေ နားမလည်နိုင်ပူးလော ? သို့မဟုတ် စာဖတ်သူ နားမလည် နိုင်ပူးလော ? နားလည်သော် ဆင်းရဲအမှန်ကို အမှန်သိသည်ဟုဆိုသည်။

ဗုဒ္ဓက သေရခြင်းဆင်းရဲကို အမှန်သိလျှင် ဤသို့သေရမည့် အလုပ်တွေကို မလုပ်ကြနှင့် ပယ်ကြဟု ညွှန်ပြထားခဲ့လေသည်။

စာဖတ်သူနှင့်တကွ ယနေ့ဗုဒ္ဓဘာသာဝင်တို့သည် မလုပ်ပဲ ပယ်ထားနိုင်ပါမည်လော ?

ဤသည့်အမေးသည် ဘယ်သူကိုမှ ဆရာတင်ပြီး အဖြေရှာနေရန် မဟုတ်၊ မိမိတို့ကိုယ်တိုင် ဖြေဆိုနိုင်သည် အမေးဖြစ်သည်။ ယင်းသို့ဖြင့် ဖြေနိုင် မဖြေနိုင်ကိုသာ စဉ်းစားရပေလိမ့်မည်။

သေရမည့်အလုပ်ကား အဘယ်နည်း ?

သေရမည့် အလုပ်ကား နောင်ဘဝသစ်တခု ဖြစ်ရေးအတွက်၊ ဒါန သီလ စသည်ကို ပြုလုပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ယင်းသည့်အလုပ်မျိုးတွေကို ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည်၊ ပယ်စွန့်ထားနိုင် မထားနိုင်ကို စဉ်းစားရန် ဖြစ်သည်။

၎င်းကို ပယ်စွန့်နိုင်သော် သေရခြင်းဆင်းရဲကိုအမှန်သိမြင်သည် ဟု ဆိုသည်။ ယင်းသို့မဟုတ်က ထိုသည့်ဆင်းရဲအမှန်ကို သိမြင်သည် ဟု လုံးဝမဆိုနိုင်ချေ။

ဤသည့် အရေးသည် မည်သူမည်ဖွါတို့နှင့်မသက်ဆိုင်၊မိမိတို့နှင့်သာ သက်ဆိုင်လေသည်။

ဤသည့်ဘဝတသ်မက်မှုကို မပယ်စွန့်ထားနိုင်ခြင်းသည်ပင် သမ္မပ္ပဓာန် ၌ဗုဒ္ဓ ညွှန်ပြထားခဲ့သည့် ၃ နာမ်ပါတ် သမ္မပ္ပဓာန် ဖြစ်လေသည်၊၎င်းမှာ (မဖြစ်သေးသည့်ကုသိုလ်ကို ဖြစ်အောင်လုပ်ရမည်) ဟူသတတ်။

ယင်းသို့ သမ္မပ္ပဓာန် ၃ နာမ်ပါတ်ကို အပြီးအပိုင် ကိုင်လိုက်သည် ယှိသော် ၁ + ၂ + ၄ ဟူသော သမ္မပ္ပဓာန်တို့သည် အလိုလို ကိစ္စ ပြီးမြောက် သွားလေသည်။ မှန်လှ၏၊ သမ္မပ္ပဓာန် ၃ နာမ်ပါတ်ဖြစ်သော—

၃။ မဖြစ်သေးသည့်ကုသိုလ်ကို ဖြစ်အောင် လုပ်လိုက်လျှင်....
၄။ ဖြစ်ပြီးသော ကုသိုလ် တို့လည်း ယင်းသို့ဖြင့် ပွါးစီးပြီး ဖြစ်လေသည်။
၁။ မဖြစ်သေးသည့်အကုသိုလ်လည်း မဖြစ်နိုင်။
၂။ ဖြစ်ပြီးသော အကုသိုလ်လည်း ပယ်ပြီးဖြစ်သည်။

အမှန်မှာ အဖြစ်သဘောသည် တခုဖြစ်လျှင်တခုသာဖြစ်သည်၊ ၂ ခု ၃ ခု မဖြစ်နိုင်ချေ။ ဖြစ်ချိုးလည်း ထုံးစံ လုံးဝ မယှိဟု မှတ်ယူထားရမည်။

ယင်းသို့ဖြင့် ဗုဒ္ဓက ဗုဒ္ဓဘာသာဝင် အသီးသီးတို့အား မဖြစ်သေးသော မဂ်ဘုရားဟူသော ဓမ္မအမွေခံတို့သာ ဖြစ်ကြကုန်လော့ ကပ္ပါသဘာဝ ဓမ္မ နိယာမ လမ်းစဉ်အတိုင်း ဖြစ်နေကျဖြစ်သော အာမိသ အမွေခံ မဖြစ်ကြကုန်နှင့် ဟု ညွှန်ကြားထားခဲ့ခြင်း ဖြစ်သည်။

ဤသို့ပင် ဗုဒ္ဓသည် ၄၅ နှစ်၊ ၄၄ ဝါသိ ပတ်လုံး နေ့စဉ်နှင့် အမျှ တည့်မှန် ပြတ်သားသည့်၊ မဂ်ရောက် ဖိုလ်ဆိုက် နိဗ္ဗာန် ဟူသော လွတ်လပ်ရေးကို သိမ်းပိုက်နိုင်သည့် လမ်းစဉ် ရှစ်ဖြာသော မဂ္ဂင် ကို ဟောကြား ညွှန်ပြခဲ့လင့်ကစား ယနေ့ဗုဒ္ဓဘာသာဝင်များသည်၊ အခြားဘာသာ ဝင်များ ထက်ပင် (သံကိုသံဖျက် သံချေးတက်) ဆိုသော စကားကဲ့သို့ မိမိတို့ ဗုဒ္ဓဘာသာ လမ်းစဉ်ဖြစ်သော မဂ် ဖိုလ်နိဗ္ဗာန် တရားစစ် တရားမှန်ကြီးကို ယနေ့ဗုဒ္ဓဘာသာ ဝင်တို့ပင်လျှင် အမျိုးမျိုးသော နည်းပရိယာယ်တို့ဖြင့် ဖျက်ဆီးနေကြလေသည်။

ဆိုသင့်ပေ၏၊ ယနေ့ဗုဒ္ဓဘာသာဝင်တို့သည်၊ ဗုဒ္ဓ၏ သာသနာနှင့် ဘာသာကို အပျော်တန်း အရာ၌ ထား၍ ပျော်ပါးကာ၊ ပြုလုပ်ဆောင်ရွက်နေကြလေသည်၊ ယင်းသို့ပင် ပြုလုပ်ဆောင်ရွက် နေကြ စေကာ၊ ဆောင်ရွက်သူ ကိုယ်တိုင်ကမူ ဗုဒ္ဓသာသနာ ဗုဒ္ဓဘာသာနှင့်သင့်မသင့် တော်မတော်ကို လုံးဝမသိ ဖြစ်လေသည်။ သို့ရာတွင် ၎င်းနှင့် အပေါင်းပါ အရပ်ရပ် တို့ကလည်း (မင်းလိုလိုက်မင်းကြိုက်) ဟူသော သဏ္ဌာန်ပေါ် ဘန်တို့၏ စကားကိုပင် တကဲ့လူတို့၏ စကားထင်မှတ်၍ လိုက်နာဆောင်ရွက် နေကြလေသည်။

ဤသို့ဖြင့်ယနေ့ ဗုဒ္ဓသာသနာတော်ကြီးကားမြေကြီးနှင့်လ သမသတ်ကျသဖြင့် မသာနိုင် မလင်းနိုင်ပဲ နေပိသကဲ့သို့ နေရပါလေသည်။

ယင်းသည့် ကပ္ပါသဘာဝ ဓမ္မ နိယာမလမ်းစဉ်ကြီးကိုပင် စားကိန်းသောက်ကိန်း ဖေါ်လိုသူအချို့က လကြတ်ကိန်းဆင်၍ကပ္ပါလူထုအား မြောက်ကိန်းထုတ်၍၎င်း၊ ချောက်ကိန်းထုတ်၍၎င်း၊ မျိုးတူ ဇာတ်တူ ဘဝတူချင်း ခွ,ခွေလုပ်ကာ စားကြသောက်ကြလေပြီသို့၊ ထိုနည်းတူစွာ ဗုဒ္ဓ၏ သာသနာ ကိုလည်းငါးထောင် ကိန်းထုတ်၍ ၂ နှင့်စားကာ

(သာသနာ တဝက် မင်းကောင်းတချက်) ဟူသော မြောက်ကိန်းကို ဆင်လျက်၊ မင်းကောင်းလုပ်လိုသူ သတ္တဝါရှုးတို့အား မြောက်၍ စားကြပြန်လေသည်။ ရင်းပြင် သံကြားကို အစောင့်ထားသည့် ချောက်လုံးစကားဆင်လျက် ၎င်းတို့ကိန်းဆင် သည့် သံကြား က (မကောင်းသူကိုပယ် ကောင်းသူကိုကယ်မည်) ဟူသော ပထမ အချောက်၊ ဒုတိယ အမြောက် ဟု ၂ ကိန်းတည်ပြန်ကာ၊ တတိယ ဝရဇိန် လက်နက်ဖြင့် ပြစ်တော့မည်ဟု ဟိန်းဟောက်သံပါ ထည့်ချောက် ပြီးလျှင် သူတပါး ပြောလျှင် မစဉ်းစားပဲ၊ အကာန်း အရမ်း ယုံလွယ်တတ်သည့် သတ္တဝါ ငအ၊ ငနု၊ ငဖျင်း၊ ငပျင်း၊ ငညံ့၊ ငမိုက်တို့ ဓမ္မတာအတိုင်း၊ အလှိုင်းကြီးစား သောက်ကြပြန်လေသည်။ ဤသို့ဖြင့် အဖျက်သမား သတ္တဝါငမိုက်များတို့၏ ဆူးကြားထဲတွင် ဗျူးသီးနှင့် တူသည့် ဗုဒ္ဓသာသနာကား သိုး၍ နေရလေပြီ။

သို့ပင်နေရစေကာ၊ ယနေ့ ဗုဒ္ဓဘာသာဝင်တို့မှာမူ သူခိုး ဒါးရိုးကမ်း လျှက်ပင် ဖြစ်နေကြလေသည်။

အို-စာဖတ်သူ ထိုသည့်သတ္တဝါရှုးတို့ စားကိန်းသောက်ကိန်း သင်္ချာဗေဒအရ။ သူတို့ ဆင်ထားသည့်အတိုင်း၊ သံကြားက (မကောင်းသူကိုပယ်)သည်ဟုဆိုလျှင် ထိုသည့် သတ္တဝါမိုက်လောက် မကောင်းသည့် သူဟာ ဤသည့် ကမ္ဘာမြေတွင် အဘယ်မှာယှိတော့အံ့နည်း။ ၎င်း၏ မိုက်ပုံ မကောင်းပုံမှာ ဗုဒ္ဓသာသနာဟူသော သဒ္ဓမ္မတရားကြီးကို နှစ်ကာလ နည်းပါး အောင်ပြုကာ၊ မိစ္ဆာတို့လက်သို့ ဝ ကွက်ပြီး အပ်သည့် အပြင်၊ မြေပြင်သားတို့အပေါ်၌ ထူပြောသော အဘိဇ္ဈာ ဗျာပါဒတို့ဖြင့် သံကြားလက်ကို အပ်နှင်း၍ မိုဃ်းကြိုးဖြင့် အပြစ်ခိုင်းထားပြန်လေသည်။ ရင်းပြင်၊ ဗုဒ္ဓသာသနာကိုလည်း အမွေစံနစ်ဖြင့် ဇွတ်အတင်း လုယက်၍ သံကြားသို့ ဆက်ပြန်လေသည်။ အကယ်၍ သူပြောသည့်အတိုင်း သူ့ သံကြားက မိုဃ်းကြိုးချ ပိုင်ဆိုင် နိုင်လောက်အောင် ပါဝါ ယှိလျှင် ဘိုသည့် သူယုတ်မာကို ပထမပစ်ရမည်ကား၊ မျက်နှာကြီးငယ်မလိုက် ဗုဒ္ဓသာသနာတဝက် စောင့်ရှောက် စိုးစံနိုင်သည့် သမာဓိ တရား ဧကန်

ယိုသည့် သိကြားဖြစ်လျှင် သမ္မာဝယ သားသတ် ကိန်းအတိုင်း အမှန် ဖြစ်ရပေမည်။

အော်! ခက်လိုက်ထာ (ကြားထဲက ဝေဟ်က ချိးပါ) ဆိုဒါလို ဟိုထမိန်ဝတ်ကြီးက ကြောက်နေပြန်ပါပြီ၊မကြောက်ပါနဲ့ အုံး၊မိုးပေါ်မှာ သိကြားယို မယို ကိုလဲး အဲးဒီ အကောင်တွေကို တက်စေပြီး စုံစမ်း နိုင်းပ ါးအုံး၊ အဲးဒီလို တက်ကြည့်လို့ သိကြားကို တွေ့ခဲ့ရင် ဟုတ်ပြီ သို့မဟုတ်—

ဒါ။ ဇာတ်ပွဲစသည့်အထဲးက သိကြား ဖြစ်နေရင် ပုံစံပါ,မကြောက် ပါနဲ့၊ ယနေ့ဗုဒ္ဓဘာသာတွေဟာ ဒီလိုပဲးစားကိန်း သောက်ကိန်းဆင် ကာ မယိုတဲ့ ဂဏန်းကို အဖြေ ဒါပဲးလို့ပြနေကြတာပါပဲး။

**မနေ့ကကိန်းကို တွေးကြည့်**

ဘုရားလေး ငယ်ငယ် ကိုးတောင်ပြည့်တယ် ဆိုဒါ ပေါ့၊ အဲးဒါလဲး သူတို့သာ စားရ သောက်ရတယ်၊ သူတို့၊ မယိုဂဏန်းတည် ကိန်းထားပြီး ထွက်တဲ့ အဖြေဟာ ဘယ်မှာမှန်သလဲး၊ အဲးဒါနဲ့ မရှေး မနှောင်း၊မနေ့ကအကြောင်းတခုက ၁၃၁၀ ခု နှစ်လောက် တပေါင်းလ မှာ ရွှေဘိုဂိုဏ် စေတီကြီး မြေသို့ကျမလေး၊ ဘာလေးနဲ့ ကိန်း သင်္ချာ ဂဏန်းမယိုတဲ့ အဖြေတခု ထွက်လာသေးတယ်၊ ဒါလဲး ယနေ့ဆိုရင် ၆ နှစ်လောက်ယိုသွားပြီ၊ အရူးစကား ထင်ရာပြောဒါပဲး မဟုတ်လား? ယနေ့လဲး ဒီသတ္တဝါတွေကတော့ ကိန်းအမျိုးမျိုး ဆင်နေကြတုံးပါပဲး ဒီလိုသာဖြစ်တယ်၊ သူတို့ မေးကြည့်တော့ ဗုဒ္ဓဘာသာတဲ့....ဒါပေမဲ့ သူတို့ပြောလို့သာ ပြောတယ်၊ ဗုဒ္ဓဘာသာတော့ လုံးဝမဟုတ်ပူးဆိုဒါ သူတို့အလုပ်က သက်သေခံနေဒါ ထင်ရှားနေတယ်။ သူတို့ကိုသာပြော နေရတယ်၊ယနေ ဆင္ဃသံဂါယနာတင်နေ့တဲ့ နေရာမှာလဲး ဗုဒ္ဓဘာသာ စစ်စစ်က အတော် နဲးနေပါတယ်၊ ဘာဖြစ်လို့ ဆိုတော့ စာဖတ်သူ မြင်တဲ့အတိုင်းပါပဲး။ ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန် ပြုတာတောင် ၇ ရက် နဲ့ တေဇောခါတ် လောင်သွားဒါပဲး၊ အမှန်ကတော့ မီးနဲ့ ရှို့ပစ်လိုက် တာပါပဲး၊ အခုတော့ စာဖတ်သူ မျက်စိအပြင်ပဲး၊ ဒါတွေဟာ အခါ တပါး မနေ့က သူများလုပ်ထားတော့ မသိသေးလို့ထားလိုက်ပါတော့

ယနေ့ဆဋ္ဌကသိလို့ပဲ။ သံဂါယနာတောင်တင်နေကြမှပဲ၊ သံဂါယနာတင်ဆိုဒါ အဲဒီလိုအမှားအယူအစွဲတွေ ဗုဒ္ဓသာသနာ ဗုဒ္ဓဘာသာ နယ်မြေထဲက ပပျောက်သွားအောင်လို့ တင်ဒါ။ အခုတော့ မဲ့ပြာ မဲ့ပြာပဲ ဒီတော့ဘာထူးသလဲ၊ ဘာမှမထူးပါပူး၊ မထူးတဲ့အပြင်၊ သက္ကာယဒိဋ္ဌိမီးတောင် ပိုပြီးတောက်လာသေးတယ်၊ သဒ္ဓမ္မ တရား ပိုပြီး တောက်ပြောင် ထိန်လင်းလာဖို့ဟာ အခုတော့ သက္ကာယဒိဋ္ဌိဆိုတဲ့ အသဒ္ဓမ္မ တရားသာ ပိုသာကိုပြီး တောက်ပြောင် ထိန်လင်း လာပါတယ်။ ဒီတော့ ဗုဒ္ဓ သာသနာ ပြုတယ်ဆိုဒါ အမှန်တရားကို မသိသမျှ ခရီး မရောက် ပါပူး ထားလိုက် ပါတော့။ လောကမဲ သည်းခံ နိုင်တဲ့ သူဟာ အရှားသားပဲ။ တချို့ကအလွဲ သည်းခံနေကြတယ်။ ဗုဒ္ဓရဲ့ အလို ကတော့ လောကဓံ သည်းခံနိုင်ဖို့ မိမိလက်ယှိ ရုပ်ခါတ်ကို အဆင်သင့် ဖြစ်အောင် ပြုပြင်ထားတယ်၊ ယနေ့ ဗုဒ္ဓဘာသာ တွေက တော့ ဒီလို မဟုတ် ပါပူး။ မယှိဒါတွေကို ပြုပြင် နေကြတယ်၊ မယှိဒါကို ပြုပြင်လို့တော့ ဘယ်တော့မှမဖြစ်နိုင်ပါပူး။ ယှိဒါကိုပြုပြင်မှ ဖြစ်နိုင်ပါတယ်။ အယှိသဘော ဆိုဒါမယှိနဲ့၊ သို့တည်းမဟုတ်၊ မယှိအောင် လုပ် နေလို့တော့ ယနေ့ဗုဒ္ဓဘာသာ တွေလို ဟာကို မပြောနဲ့၊ ဗုဒ္ဓဂေါတမပင် ဘဲ့နှယ်မှ မတတ်နိုင်ပါပူး။ ဖြစ်တဲ့သဘောသာ မဖြစ်ဖို့ ဖြစ်ဖို့ တတ်နိုင်ပါတယ်။ ဒါပေမဲ့ ယနေ့ဗုဒ္ဓဘာသာ ဝင်တွေကတော့ တရာမှာ တရာ လုံးလုံးလောက် မယှိတဲ့ သဘောကို ယှိတယ်ထင်ပြီး လုပ်နေကြတယ်။ ဒါကိုပဲ အနိစ္စလေး ဒုက္ခလေး အနတ္တလေးနဲ့ ရှုသူကရှု ပြောသူကပြောနဲ့ လုပ်နေကြတယ်။ ဒီတော့ တရားကမှ မမှန်ပဲနဲ့ဟာ မှန်တဲ့တရားဖြစ်တဲ့ မဂ် ဖိုလ်ဉာဏ်ကိုဘယ်မှာရမလဲ၊ မဂ် ဖိုလ် ဉာဏ်မရတော့ နိဗ္ဗာန်လဲး ဘယ်မှာ ဆိုက်ရောက်မလဲး၊ အဲဒီတော့ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဩကာသ ဆရာက ငါလဲးအမှန်မသိတဲ့ အကျူတူ တော့ဒင်းတို့ တတွေအထင်ကြီးအောင် ဆုတောင်းထဲးထဲ့ပေးလိုက်မယ် ဆိုပြီး ကဿပ ဗုဒ္ဓလက်ထက်က ကပိလရဟန်းလို အခုလဲး ကပိလ လက်သစ် လုပ်လိုက်ထာပါပဲး၊ ဒါကိုယနေ့ ဗုဒ္ဓဘာသာတွေက မစဉ်း စားပဲး ကပိလ လက်သစ်နောက် လိုက်နေကြတယ်၊ ဒါကြောင့်—

" တရားမှန် မမှန် ဖြစ်တတ်သည်၊
မတရား တရား ဖြစ်တတ်သည်၊
အကြောင်းကား ရှည်လျား ကာလသည်၊
ခေတ်ကြုံကသား ဉာဏ်များလှချေသည် "

လို့ရေးသား သတိ ပေးလိုက်ရတယ်။ ယနေ့ ဗုဒ္ဓ ဘာသာ တွေမှာ ခက်နေဒါက မိမိတို့ ကိုယ်တိုင်ကလဲး အမှန်တရားကို အမှန်မြင်အောင် လေ့လာမှု၊ ကြံစည်မှု၊ စဉ်းစားမှုလဲး မယှိပူး၊ ဒီလိုသာ ဖြစ်တယ်၊ လေ့လာ ကြံစည် စဉ်းစားပြီး ပြောဟောရေးသား ပြပြန်တော့လဲး....

၁။ မနေ့ကစကားလုံး၊

၂။ အများနဲ့ အနဲး

ဆိုတဲ့စကားလုံးတွေနဲ့ ကိုင်ပေါက်တယ်၊ ထမိန်ဝတ်တွေကျတော့ သာ ဆိုးသေးတယ်။ ကြည့်ပါလားအေ့၊ ဟိုကမျက်နှာကြီးတွေလဲး ဖြစ်တယ် ဦးအင်္ဂလဲး ဖြစ်တယ်နဲ့၊ တကာဘဲး ဖြစ်တော်ပေါင်းတွေကို တသ်မက်' နေလိုက်ထာမပြောပါနဲ့တော့၊ အဲးဒါကို ( ကာမ အဆာ )လို့ကိုမသိပူး ဒီတော့ ဒီထမိန်ဝတ်တွေဟာ ဘယ်မှာ ဗုဒ္ဓရဲ့ဓမ္မအမွေခံ ဖြစ်တော့မလဲး ကာမအမွေခံသာ ဖြစ်နေတော့ဒါပေါ့၊ အဲးဒီကာမကတဆင့်တက်တော့ ဥပါဒါန်ဆိုတဲ့ စွဲးလမ်းမှုဖြစ်၊ အဲးဒီက တခါတက်တော့ နောင်ဘဝသစ် ဖြစ်ရေး အလုပ်တွေလုပ်၊ ဘဝဖြစ် ဒိုလိုက်-သေလိုက် အဲးဒီလိုမသေမီ အတွင်း ပူ့လိုက်၊ ငိုလိုက် မကျန်းမာလိုက် စိတ်ဆင်းရဲးလိုက် ညီးငြူ လိုက်နဲ့ပဲး သေချိန်ကျသည် ဖြစ်စေ၊ မကျသည်ဖြစ်စေသေလိုက်ပြန်ရော၊ သူတင်ထားလိုက်ထာက၊ အနဲးဆုံး တုသိတာလို့ ထင်ထားဒါ၊ဒါပေမဲ့ ဝိနိပါတဘေးက သူ့မှာ ကာမအဆာကြွေးက ပါသွားတော့ ဖရိုဖရဲး ဆွဲးချင်ရာ ဆွဲးသွားဒါပေါ့၊ ဒီတော့ကျန်ရစ်ခဲ့တဲ့ သူတွေက ဘယ်များ ရောက်သလဲး၊ သူပြောသွားတဲ့ တုသိဘာများ ရောက်နေရော့သလား လို့ ဆိုပြီး ဘာသာရေး ဥပဒေကို၊ ပါရဂူမြောက်နေတယ် ထင်ရတဲ့

ဦးအင် ရုံးတင်တော့ ဦးအင် က ရေစက်ချ ပြင်ဆင်ချက်မှုကို ညွှန်းပြီး ပြဿနာဖြစ်နေပြီလို့ စီရင်ချက် ချလိုက်တယ်၊ ဒီတော့ တရားလဲ ရှုံး၊ ပစ္စည်းလဲ ဆုံးတော့ ဒါပေါ့၊ အဲဒါဟာ မျက်နှာကြီး မျက်နှာကျယ် စသည့် ရွေးချယ်တဲ့ တယ်မက်မှု (ကာမအဆာ) ရဲ့လက်သုံး စီရင်ထုံးပါပဲ။

ဒါ့ကြောင့် ဗုဒ္ဓက (ကာမ အဆာ) ကို နာနာ ထုချေဖို့လို့ဆိုပြီး အို-ဗုဒ္ဓ ဘာသာဝင်တို့ ! ဓမ္မအမွေခံသာ ဖြစ်ကြကုန်လော့၊ အာမိသ အမွေခံမဖြစ်ကြနဲ့ဟု ညွှန်ပြထားခဲ့ခြင်းဖြစ်တယ်၊ဒါဟာ မဇ္ဈိမနိကာယမှာ အထင်အရှားကြီးပဲ။မယုံရင်ယနေ့ ဆဌကိုတက်နေတဲ့ ကြီးဒေါ်ကြီးရဲ့ ဦးအင်ကိုမေး ကြည့်ပါ လား ? ပြီးခဲ့တဲ့ ဒုတိယ အကြိမ်တုံးကပဲ မြန်မာနဲ့ ကပ္ပါက ကြားအောင်ဆိုပြီး၊ အသံလွှင့်ဌာနက အသံလွှင့်ပါသေးတယ်၊ ဒါပေမဲ့ (တထ ဂတ) မဟုတ်ပါဘူး၊ (တထ အဂတ)လုပ်မှာပါပဲ၊ ဒါဟာလဲ (လာဘ သိလောက) ရဲ့ ခြေထိုးမှုကို သည်းမခံနိုင်တဲ့အပြစ်ပါပဲ၊သူတို့အပြစ်တော့ မဟုတ်ပါဘူး၊အဲဒီဟာလဲ ကြီးဒေါ်ကြီးလို (ကာမ အဆာ) တမျိုးပေါ့၊ ဒီတော့-

၁။ ဦးအင်ကလဲ ကာမအဆာ၊
၂။ ကြီးဒေါ်ကြီးကလဲ ကာမအဆာ၊

အဲဒီလို ရင်ဆိုင် တိုးနေကြတော့(အမယ်ပုတ်ကဲ့ သူ့ချည်ခင် ဘယ်သူလာလို့ ဒီရှုတ်ထွေး ရှင်းပါ့မယ်လေး)ဆိုသလို ဖြစ်နေကြတော့ဒါပေါ့ ဒါနဲ့လဲ တချို့ကလဲ—

၁။ ဂန္ဓဝေါပင်မျှော်

တချို့ကလဲ ၂။ ဂန္ဓဝေါပင်ဟိုဖက် ဘာပင် ယှိသေးသလဲ၊ မျှော်နဲ့သာ၊ အလွန်ကြေးတန်တဲ့ လက်ယှိဘဝ ဆုံးရှုံး သွားကြပြန်ဒါပဲ၊ ဗုဒ္ဓဂေါတမကတော့(အို ဗုဒ္ဓဘာသာဝင်တို့ ! သင်တို့ရဲ့လက်ယှိဘဝကို မဆုံးရှုံးကြစေနဲ့) လို့ ခဏ ခဏ ညွှန်ပြတော်မူခဲ့တယ်၊ ဒါပေမဲ့

ယနေ့ဆင္ဒမှာတော့ မနေ့ကအပင်တွေနဲ့ နက်ဖြန်အပင်တွေပဲ စိုက်ပြီ ထားနိုင်တယ်၊နက်ဖြန်က လွန်တဲ့ဟိုဖက် နက်ဖြန်အပင်ကိုတော့စိုက်ပြဖို့ မလွယ်ပါပူး၊ နက်ဖြန်ခါဆိုတဲ့ ဂန့်ဂေါပင် ဆိုဒါတောင် ယနေ့သာ ဂန့်ဂေါပင်ဆိုဒါ နက်ဖြန့်ကျတော့ ယနေ့ ပုံစံ ပြထားဒါနဲ့ တူချင်မှ တူအုံးမယ်၊ သူ့ခေတ်နဲ့သူ ခေါ်ချင်ရာခေါ်မှာ၊ တခြားကို အဝေးကြီး လှမ်းမကြည့်နဲ့ မြင်မှာလဲမဟုတ်ပူး။ အနီးကလေး ကပ်ကြည့် ယနေ့ မြန်မာပြည်မှာပင်၊ တရပ်နဲ့တရပ် အခေါ် အဝေါ်ချင်း မတူဒါတွေ အများကြီး မနဲ့ကြီးပါပဲ။ ဒါ့ကြောင့် ဗုဒ္ဓက (အယ မေဝ သော) လုပ်စရာယှိဒါ ယနေ့လုပ်ပါတဲ့။မှန်တယ်၊ ယနေ့သတ္တဝါဟာ ယနေ့ပဲ အလုပ်ယှိတယ်၊နက်ဖြန် အလုပ်မယှိပါပူး၊ မိမိအဖို့မှာ ယနေ့ဟနေ့သာ လုပ်ပိုင်ခွင့်ယှိတယ်။

ဒီစကားဟာ မမှန်ပူးမှန်တယ်ဆိုဒါ ချိန်ထိုးကြည့်ဖို့က စာဖတ်သူ ကိုယ်တိုင်၊

၁။ တနင်္ဂနွေ၊
၂။ တနင်းလာ၊
၃။ အင်္ဂါ၊
၄။ ဗုဒ္ဓဟူး၊
၅။ ကြာသပတေး၊
၆။ သောကြာ၊
၇။ စနေ၊

ဆိုတဲ့ နေ့ ၇ နေ့ယှိတယ် ဆိုဒါ အမှန်သိတယ်၊ အဲဒီနေ့ ၇ နေ့မှာ တနင်္ဂနွေ နေ့ကို ၂ ခါ ဖြစ်သလား? တခါပဲ တနေ့ပဲ ဖြစ်တယ်။ တနင်းလာ အင်္ဂါစသည်တို့ဟာလဲ ဒီလိုပါပဲ၊ ဒါဖြင့် နက်ဖြန်ဘယ်လို ဖြစ်သလဲ၊ ဥပမာ တနင်္ဂနွေနေ့က မောင်မဲ့ သိန်းဆု ပေါက်ထာဟာ တနင်းလာနေ့ သိန်းဆုပေါက်တဲ့လက်မှတ်ဟုတ်ပါ့မလား? မဟုတ်နိုင် ပါပူး။ တနင်္ဂနွေနေ့ပေါက်တဲ့ သိန်းဆုလက်မှတ် (က) ၁၀၄၆၅၀ သာဖြစ်တယ်၊ တနင်းလာနေ့ ထွက် လာ တဲ့ သိ န် း ဆု လ က် မှ တ်

(ခ)၃၆၄၅၀၀ ဟာ မောင်မဲ့ တနင်္ဂနွေနေ့က သိန်းဆု လက်မှတ် မဟုတ်ပါဘူး၊ အဲဒါလိုဖြင့် သိန်းဆုပေါက်စဉ်ကို လယ်ရောင်းတဲ့သူတွေ ကလဲ့ တနင်္ဂနွေနေ့အတွက်အော်တော့ ယနေ့သိန်းဆုကြီးတဆု ထွက် သွားပြီလို့ အော်ရောင်းတယ်၊ တနင်္လာနေ့ ကြပြန်တော့လဲ့ ယနေ့ သိန်းဆုကြီးထွက်သွားပြီလို့ အော်ပြန်တယ်၊နက်ဖြန်ကိုလုံးလုံးမယှိပါဘူး၊ တနင်္ဂနွေကလဲ့ ယနေ့တနင်္ဂနွေသာ ယှိတယ်၊ နက်ဖြန်တနင်္ဂနွေ မယှိ ပါဘူး၊ အဲဒါဟာယနေ့စာဖတ်သူ စဉ်းစားဖို့ပါပဲ၊

ယနေ့ဗုဒ္ဓဘာသာဝင်တွေက ဒီလိုမဟုတ်ပါဘူး တနင်္ဂနွေဆိုရင်လဲ့—

၁။ မနေ့က တနင်္ဂနွေ၊
၂။ ယနေ့တနင်္ဂနွေ၊
၃။ နက်ဖြန် တနင်္ဂနွေ၊

ဆိုပြီး တနင်္ဂနွေ ၃ မျိုးယှိတယ်လို့ စွဲးယူနေကြတယ်၊ အဲဒီတော့ ဗုဒ္ဓ ဂေါတမညွှန်ပြထားခဲ့တဲ့ (အယမေဝသော) ဆိုတဲ့စကားနဲ့ ယနေ့ ဗုဒ္ဓဘာသာဝင်တွေနဲ့ဟာ (ပဒါးတလမ်း သံတလမ်း) ကိုဖြစ်နေတယ်၊ ဒီလို ဖြစ်နေရင် ဘယ်မှာ ဗုဒ္ဓဘာသာ ဟုတ်တော့မလဲ့။

ပြီးတော့ယနေ့နိုင်ငံရေးအဖွဲ့တွေနဲ့လဲ့ ဆက်စပ်ပြီး လေ့လာစဉ်းစား နိုင်ပါတယ်။မိမိတို့ အဖွဲ့စည်းမျဉ်းနဲ့ မကိုက်ညီတဲ့သူကို မိမိတို့အဖွဲ့ဝင် အဖြစ်မှ ရပ်စဲးကာ ထုတ်ပစ်လိုက်တာပဲ့ မဟုတ်လား ?

ဗုဒ္ဓဂေါတမရဲ့ ဘာသာရေး သာသနာရေး အဖွဲ့ သဘောကလဲ့ ဒီအတိုင်းပဲ့နေမှာပေါ့၊

**အဝေးကြီး မဟုတ်ဘူး } အဲဒ်း** ဒီလိုဖြင့် လောကနဲ့ လောကုတ် ဆိုဒါဟာ အဝေးကြီး မဟုတ်ဘူး အနီးကလေးပါပဲ့၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးလို့ နှစ်ပေါင်း တထောင် လောက်သို့ရောက်မှ ပေါ်လာတဲ့ ဦးဗုဒ္ဓအသံရဲ့ ဇာတ်ညွှန်း၊သို့မဟုတ် ဒါရိုက်တာ ကြောင့်သာ ယနေ့ဗုဒ္ဓဘာသာတွေကအဟုတ်ထင်နေကြဒါ၊ သူကတော့လဲ့ ဗုဒ္ဓဘာသာဝင် ပရိသတ် ကြည့် ကောင်း အောင်

ဇာတ်ညွှန်း ပိုဒ်၊ ဒီက ချီပြီး လောက ၃ ပါးကို ညွှန်းထားမှ ၂ လှမ်း ၃ ဖဝါးနဲ့ တာဝတိံသာ တက်ကြွတဲ့ ဇာတ်လခဲ့ကို ရေးလို့ ဖြစ်တော့မပေါ့၊ သို့မဟုတ်က အဲဒီ ကောင်းကင် ဘုံနန်းတက်တဲ့ ဇာတ်ထုတ်ကို ဘယ်လိုညွှန်မလဲ? ကောင်းကင်ဘုံနန်းသို့တက်ဖို့ ညွှန်ပြဘော့လဲ အကြောင်းမဲ့တက်လို့က တယ်ဦးသဘာဝမကျတော့ ကပ္ပါမြေပြင်သားတို့ကို အညွှံ့,အနုံ အဖျင်းသဲ့သဲ့ပြီး သူ ကိုယ်ဘိုင် မမြင်ပူးတဲ့ နတ်တွေကို အမွှန်းတင်ပြန်တယ်၊ ပြီးတော့ သူက အဆန်း လုပ်ပြီး စကားလုံး ကြီးကြီးနဲ့ (အဘိဓမ္မာ) တရားကို ဟောသည်ဟု ဇာတ်ညွှန်း လုပ်လိုက်တယ်၊ အမှန်ကတော့ (အဘိဓမ္မာ) ဆိုတဲ့ စကားဟာ ဗုဒ္ဓဂေါတမ မဖြစ်ပေါ်မီ၊ ဟိုနှစ်ပေါင်း ၅၁၀ (ငါးရာ) လောက်ကပင် ဖြစ်ပေါ်နေတယ်၊ ဒီတော့ ဦးဗုဒ္ဓအသံကသာ အဆန်း ထင်နေဒါ။ အရိုးမှ ပြုတ်လို့ မရနိုင်လောက်အောင် ဖြစ်ခဲ့ အနုံးပါပဲ၊ ပြီးတော့ ဗုဒ္ဓဂေါတမရဲ့ နိဗ္ဗာန်ဆိုတဲ့ လွတ်လပ်ရေးဟာလဲ အဘိဓမ္မာထဲမှာ ရှာလို့ ဘယ်တော့မှ မတွေ့ပါပူး၊ (ချစ်တီးရဲ့ခေါင်းကို သန်းရှာလို့ တကောင်တလေ တွေ့ချင်တွေ့မယ်) အဘိဓမ္မာထဲ နိဗ္ဗာန် ရှာလို့ ဘယ်တော့မှမတွေ့ပူး။ ဘာ့ကြောင့်လဲ? အဘိဓမ္မာထဲမှာ နိဗ္ဗာန် လုံးဝမယှိသောကြောင့်ဖြစ်တယ်။ မှန်လွန်းလှချေရဲ့၊ အဘိဓမ္မာထဲမှာသာ နိဗ္ဗာန်ယှိချင်ဗုဒ္ဓဂေါတမ၊ မဖြစ်ပေါ်မှီနှစ်ပေါင်းငါးရာလောက်က အဘိဓမ္မာဆရာတွေ ဗုဒ္ဓ ဘွဲ့ရချောက်လို့၊ ဗုဒ္ဓဂေါတမပင် ဖြစ်ရန်မလိုတော့ပါပူး။ ဒါ့ကြောင့် ဗုဒ္ဓဂေါတမ ကိုယ်တိုင်က...၊

သုညာန္တေ ရက္ခိတေ သန္တေ၊
ပဘိပတ္တိ ဟောတိ ရက္ခိဘာ၊
ပတိပတ္တိယံ ဋ္ဌိဘော မိရော၊
ယောဂက္ခေမာ န ဓံသတိ

လို့ အတိအလင်း ညွှန်ပြထားခဲ့ပါတယ်၊ ဒါပေမဲ့ ယနေ့ဗုဒ္ဓဘာသာဝင်တွေကတော့၊ ကောင်းကင်ဘုံနန်းက အဘိဓမ္မာကို မျှော်မှန်းပြီး တမ်းတာ နေကြတုံးပါပဲ။ အဲဒီလို တမ်းတဒါကို မတန်းတရဘူး လို့

မဆိုလို ၊တရားနဲ့ မတရားကိုအမှန်သိဖို့သာ ဆိုခြင်းဖြစ်တယ်။ ဒါပေမဲ့ အပြစ်တင်သူနဲ့ အပြစ်မတင်သူဆိုတာ၊ မည်သည့်အရာမှာမဆို ရှိစမြဲပါပဲ၊ ဒါတွေဟာ အလုပ် လုပ်လို သူများကို၊ ပန့်တား ပျက်ပြားစေတဲ့ အနှောင့် အယှက်တွေသာ ဖြစ်တယ်၊ ဒီတော့ အပြစ်တင်သူကိုလည်း မုန်းတီး,အပြစ်မတင်သူတွေကိုလဲ နှစ်သက်နေဖို့မဟုတ်ပါဘူး၊ အမှန်ကတော့ မိမိအလုပ်ကို၊ တည်တန့်စွာ လုပ် ကိုင်ဖို့သာ အမှန် ဖြစ်တယ်။

**ယနေ့လောက ၆ မျိုး** — နေ့ ဗုဒ္ဓ အလိုတော်ကျ လောကကို လေ့လာကြည့်ရင်လောကဟာ ၆ မျိုးရှိတယ် ဤသည့်လောက ၆ မျိုးကား—၊

၁။ မျက်စိလောက၊
၂။ နားလောက၊
၃။ နှာခေါင်းလောက၊
၄။ လျှာလောက၊
၅။ ကိုယ်လောက၊
၆။ မနလောက၊

ယင်းသို့အားဖြင့် ၆ မျိုးဖြစ်သည်၊ ဤသည့် ၆ မျိုးအနက်—

၁။ မျက်စိလောကသည် အဆင်းကိုတသိမက်သည်။
၂။ နားလောကသည် အသံကို တသိမက်သည်။
၃။ နှာခေါင်းလောကသည် အနံ့ကိုတသိမက်သည်။
၄။ လျှာလောကသည် အရသာကိုတသိမက်သည်။
၅။ ကိုယ်လောကသည် အတွေ့အထိကို တသိမက်သည်။
၆။ မနလောကသည် စိတ်ကူး စိတ်သန်းကိုတသိမက်သည်။

ဆိုလိုရင်းမှာ၊ မျက်စိစသော ရုပ်ဓါတ်တွေကိုမှီပြီး ကာမအဆာ အဖြစ်ဓါတ်က အသံကောင်း ဟာစ်နေခြင်းကို ဆိုသည်။

စာဖတ်သူ လွယ်လွယ်နဲ့ နား ရှင်း အောင် ပုံစံတခု ထုတ်ပြမယ်၊ (၂၃-၂-၅၅) ခုနေ့က နေပြည်တော်ဖြစ်တဲ့၊ ရန်ကုန် မြို့ကြီးမှာ ရပ်ကွက်အသီးသီးတို့၌၊ မြူရွေးကောက်ပွဲ ဖြစ်တယ်။ ရွေးကောက်ပွဲ မဖြစ်ခင် မနေ့က မြူလူကြီးတွေဟာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်လို့ ပြောနေကြတယ်၊ ရွေးကောက်ပွဲဖြစ်တော့ရော၊ ဒီလူကြီးတွေကိုပဲ မဲ့ပြန်ထဲ့ကြတယ်၊ အဲဒါဟာ မြူလူကြီးတွေအပြစ်လား ? မဲဆန္ဒ သျှင်တွေ အပြစ်လား ? မြူလူကြီးတွေရဲ့အပြစ်လုံးဝမယှိပူး၊ အမှန်က မဲဆန္ဒသျှင်တွေရဲ့အပြစ်သာ လုံးလုံးဖြစ်တယ်။

ဘာဖြစ်လို့လဲ ? မြူလူကြီးတွေကိုအပြစ် ပြောရအောင် အဲဒီမြူလူကြီးလောင်းတွေဟာ ကိုယ်ပိုင်ဒါကိုယ့်မှာယှိတာ မဟုတ်ပူး၊ ကိုယ်ပိုင်ဒါ ကိုယ့်မှာယှိဒါက ကိုယ့် မဲဆန္ဒဖြစ်တယ်၊ ဒီတော့ အပြစ် ပြောချင်းပြောရင်၊ မိမိ ကိုယ်ကိုသာ အပြစ်ပြောဖို့ဖြစ်တယ်၊ ဒီလို မဟုတ်ပဲ ကိုယ်မဲထဲ့လို့ ဖြစ်ရတဲ့ မြူလူကြီးကို အပြစ်ပြောနေရင် အဲဒီ အပြစ် ပြောတဲ့ မဲဆန္ဒသျှင်လောက်မိုက်ထာဟာ ယနေ့ အဖို့မှာတော့ နှိုင်းပြစရာကို ရှာမရပါပူး။

အဲဒီလိုပါပဲ၊ ကာမအာဆာ တသ်မက်မှုကိုအပြစ်ရှာပြီးနေဖို့မလိုပါပူး၊ မိမိပိုင် မိမိမှာယှိနေတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနတို့ကိုသာလျှင် အပြစ်ရှာဖို့ပါပဲ၊

၁။ တသ်မက်မှုဟာ မြူလူကြီးလောင်းနဲ့ တူတယ်၊
၂။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနဟာ မဲဆန္ဒပိုင်သျှင်နဲ့ တူတယ်၊

အဲဒီတော့ ၁၊ ရူပါရုံအဆင်း မဲပုံးလာထောင်ရင် ကိုယ်ပိုင်တဲ့မျက်စိက တသ်မက်မှုကို မဲဆန္ဒမထဲ့ဖို့ ပြုပြင်ထားရမယ်။
၂။ အသံမဲပုံး လာထောင်ရင် မိမိပိုင်တဲ့ နားကို တသ်မက်မှု မြူလောင်းထဲ မဲမထဲ့ဖို့ ပြုပြင်ထားရမယ်။

၃။ အနံ့ မဲးပုံး လာထောင်ရင် မိမိမှာ ယှိတဲ့ နှာခေါင်းကို တသ်မက်မှု မြူလောင်းထဲးသို့ မဲးမထဲ့အောင် ပြုပြင်ထား ရမယ်။

၄။ အရသာမဲးပုံးလာထောင်ရင် မိမိပိုင်တဲ့လျှာကို တသ်မက်မှု မြူလောင်းကို မဲးမပေးဖို့ ပြုပြင်ထားရမယ်။

၅။ အတွေ့အထိ မဲးပုံးထောင်လာရင် မိမိပိုင်တဲ့ကိုယ်ကို တသ် မက်မှု မြူလောင်းကို မဲးမပေးဖို့ ပြုပြင် ထားရမယ်။

၆။ စိတ်ကူးစိတ်သန်း မဲးပုံးပေးထောင်ရင် မိမိပိုင် မနခေါ် ဟဒယ ရုပ်ခေတ်ကို တသ်မက်မှု မြူလောင်းထဲး - မဲးပေး မထဲ့ဖို့ ပြုပြင်ထားရမယ်။

တသ်မက်မှု ဆိုဒါ (အာ သီ သ) မြော်လင့်ချက်က စလာတယ်။ ဒီတော့ မျှော်လင့်ချက် အရင့်စားကို တသ်မက်မှုလို့ ဆိုလိုတယ်။

ယင်းသို့ဖြင့် ယနေ့ ဗုဒ္ဓဘာသာတို့၌လည်း၊ ပထမ (အာ သီ သ) မြော်လင့်ချက်က စလာပြီး၊ ဒုတိယ တသ်မက်မှု ဖြစ် လာ လေသည်။ တတိယ တသ်မက်မှု ရင့်သန်လာသည့်အခါ၊ စွဲးလမ်းမှု ဖြစ်လာလေ သည်။ ဤသည်တို့၏ အရင်းခံ လက်သယ်ကို စ ၃ လုံးဖြင့်ဖျာသော်—

၁။ မျက်စိ၊
၂။ နား၊
၃။ နှာခေါင်း၊
၄။ လျှာ၊
၅။ ကိုယ်၊
၆။ မနခေါ်-ဟဒယ၊

ဤသည့် ၆ ဦးကိုသာ အမှန် မြင်တွေ့ နေရ လေသည်။ သို့ပင် ဗုဒ္ဓက (စက္ခု ကရဏီ) မိမိပိုင် မိမိမှာယှိသည့် မျက်စိကို ပြုပြင်ကြ ဟု ညွှန်ပြ ခဲ့စကား၊ယနေ့ဗုဒ္ဓဘာသာဝင်တို့ကမယှိသည်ကိုပြုပြင်နေကြလေသည်။

ဥပမာ-ယနေ့ဗုဒ္ဓဘာသာတွေက ယောကျ်ားမယို၊မိန်းမ မယို၊မယား မယို၊ လင်မယို၊ သားမယို၊သမီး မယို၊ စသည်ဖြင့် မဟုတ်ထားက အစ မမှန်ဒါ အဆုံးယိုသော စကားလုံးကိုသုံးပြီး၊ အဘိဓမ္မာဆရာ ပရမတ် ဆရာ၊ ကမ္မဋ္ဌာန်း ဆရာ၊ ဝိပဿနာ ဆရာစသည်ဖြင့်၊ အသား ယူကာ ရှုတ်နေကြသည်။မစဉ်းစားတတ်သူ အကြားအမြင်နည်းပါးသူတို့ နားမှာ ကြားလိုက်ရသည့်အခါ၊၎င်းတို့စကားကို ဗုဒ္ဓ၏ တရားဟု ယူဆထင်မှတ် ကြလေသည်။ စဉ်းစားသူ အကြားအမြင် များသူတို့နား၌၊ ကြားလိုက် ရသည့်အခါ မတရားဟု အမှန်မြင်လေသည်။ရယ်စရာပင် ဖြစ်လေသည်။ ပုံစံကား(ယုန်ဂျို,လိပ်မွေး,ပုဇွန်သွေး)ဆိုသော ပုံစံပင် ဖြစ်သည်။

**အကျိုးမဖြစ် အပြစ်ဖြစ်သည်** } **ဆို** သည့်သူတို့၌၊ အဘယ်အကျိုး မဖြစ် ၍ အဘယ်အပြစ် ဖြစ်ပါသနည်း ? ဟူသော ပြဿနာကို ထုတ်၍ လေ့လာ စဉ်းစားသော်—

၁။ ဗုဒ္ဓသာသနာ နယ်မြေတွင်းသို့ ရောက်လျက် ဗုဒ္ဓဘာသာ ဖြစ်ရသော အကျိုးမဖြစ်ခြင်း။

၂။ မူလက မယိုသည်ကို ယိုသည်ဟု စွဲယူသည့် အမှားပြစ် ဖြစ်ခြင်း။

ဤသို့အားဖြင့် ဖြစ်လေသည်၊မှန်လှ၏ ဤသည့် ကမ္ဘာလောကကြီး၌၊

၁။ မြေခေတ်၊
၂။ ရေခေတ်၊
၃။ မီးခေတ်၊
၄။ လေခေတ်၊
၅။ ဟင်းလင်းခေတ်၊
၆။ တွေ့သိခေတ်၊
၇။ အဆင်းခေတ်၊
၈။ အနံ့ခေတ်၊

၉။ အရသာဓာတ်၊
၁၀။ အဆီဓာတ်၊
၁၁။ အတိုးဓာတ်၊
၁၂။ ရုပ်သက်ဓာတ်၊
၁၃။ အတိုးဓာတ်မှ အပူ အအေး အမျှဓာတ်၊

ဤသို့အားဖြင့် အယှိဓာတ် တို့သည် ၁၃ မျိုးယှိလေသည်။ ယင်းသည့် ဓာတ်တက် ဓာတ်လက် ၁၃ မျိုးမှ တပါး၊ မည်သည့် အရာ များပင် အယှိစာရင်းဝင်တို့ မဟုတ်ချေ။ ထိုသို့ဝေဖန်သော် ယောကျ်ား-မိန်းမ မယား-လင်-သား သမီး တို့ကား၊ မူလကပင် အယှိစာရင်းထဲ၌ လုံးဝ မပါ မယှိပေ။ယင်းသို့မူလကပင် မယှိသည်ကို ယှိသည်ဟု စွဲးမှတ်ပြီး မယှိဟု အဖြေပေးနေသည်မှာ၊ မယှိသည့်ဂဏန်းကို တည်ကိန်းထားပြီး တွက်နေသည်နှင့် တူလှ ပေသည်။ သို့ရာတွင် အဖြေက ထွက်နေပြန် သေးသည်၊ မှားလေစွ။

ယင်းသို့ ဆိုချေသော်၊ ယနေ့ မျက်စိမြင်ကား။ ယောကျ်ား_မိန်းမ မယား-လင်-သား သမီးတို့ကလည်း၊ တရားဝင် ငြင်းမရအောင် ဖြစ် နေပြန်လေသည်။ အဘယ်သို့ အမှန်မြင် ဖြစ်ရပါအံ့နည်း? မေးပိသော် မေးထိုက်လှပေသည်။ မေးလည်း မေးရမည်၊ အဖြေကား၊ ထိုသည့် ယောကျ်ား-မိန်းမ စသည်တို့မှာ၊ အယှိတရား မဟုတ်ဟု ပထမအဖြေကို အမှန်မြင်ရမည်။ ၎င်းပြင် ထိုသည့် ယောကျ်ား-မိန်းမစသည် တို့ကား အယှိတရား မဟုတ်သော်လည်း၊အဖြစ်သဘောတရား ဟုတ်နေသည်ကို ဒုတိယအဖြေဖြင့် အမှန်မြင်ရမည်။ ယင်းသို့မြင်မှသာလျှင် (သမ္မာဒိဋ္ဌိ) အမှန် မြင်ဉာဏ်ဖြစ်ပေါ်လာသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့ကား ဤသို့ဖြင့် အယှိနှင့် အဖြစ် ၂ မျိုးကို မကွဲးပြားပဲ၊

၁။ ကုသိုလ်ကို အလွန်လိုချင်နေကြသည်။
၂။ အကုသိုလ်ကို အလွန်ကြောက်နေကြသည်။

ဤသည့်ဗုဒ္ဓဘာသာဝင်တို့သာလျှင် အများဆုံး တွေ့မြင် သိယှိနေရလေ သည်။ ၎င်းတို့ကို ဗုဒ္ဓဂေါတမ၏ ဗုဒ္ဓဝါဒဖြင့် စိစစ်လေ့လာ ကြည့် သည့်အခါ၊ ဗုဒ္ဓဘာသာဝင်တို့ လုံးဝမဟုတ်ကြသေးသည်ကို အမှန်သိရ ပေသည်။

မေးစမ်းပရစေ၊ ယနေ့ ဗုဒ္ဓ ဘာသာ ဝင်တို့ လိုချင် နေကြသည့် ကုသိုလ်သည်၊အယှိတရားလော ? သို့တည်းမဟုတ် အဖြစ်တရားလော? ၎င်းပြင်၊ယနေ့ဗုဒ္ဓဘာသာဝင်တွေ အလွန်ကြောက်နေသည့် အကုသိုလ် သည်လည်း၊ အယှိတရားလော ? သို့မဟုတ် အဖြစ် တရားလော ? ဤ သည့်ပြဿနာကို အဖြေမှန် ရအောင်၊ ပထမ မိမိတို့ အသိဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရမည်။

အကယ်၍ ယနေ့ဗုဒ္ဓဘာသာဝင် အသီးသီးတို့ ယူဆထားပါသကဲ့သို့ အယှိတရား ဖြစ်နေသော်၊ ယင်းသည့် ကုသိုလ်နှင့်၊ အကုသိုလ်သည် အဘယ်၌ ယှိနေပါသနည်း ?

၎င်းကုသိုလ် အကုသိုလ် တို့က ယနေ့လက်ယှိ ဘဝ၌ပင် အကျိုးနှင့် အပြစ်ကို ပေးသည်ဟု ဆိုသော်၊ဗုဒ္ဓဂေါတမ၏ (သန္ဒိဋ္ဌိကော အယံ ဓမ္မော) ဟူသော ယနေ့ လမ်းစဉ်အရ၊ မျက်စိမြင် ကိုယ်တွေ့ ဖြစ်ရန် မည်သို့ပြနိုင်မည်နည်း ?

ဥပမာ။ ။စာဖတ်သူသည် ယနေ့ ကုသိုလ်ဖြစ်သည် ဆိုပါတော့၊ ဤကုသိုလ်သည် သင်၏ ရုပ်ကိုယ်စုတွင် အဘယ်၌ တည် ယှိနေ ၍ နောင် ဘဝသစ် တခု၌၊ သင့်ကိုယ် ညွှန်ပြထားသည့် ဘာသာရေး ခေါင်းဆောင်တို့ ပြောသလို၊ စကြာ မန္တတ် မင်းထွတ်မြတ် ဖြစ်အောင် လုပ်ပေးပါသနည်း ?

၎င်းပြင် စာဖတ်သူသည်၊ယနေ့ အကုသိုလ်ကို လုပ်သည်ဆိုပါတော့ ဤသို့ သင်ယနေ့လုပ်သည့် အကုသိုလ်သည် သင့်ရုပ် ကိုယ် စု တွင် အဘယ်၌ တည်ယှိနေ၍ သင့်ကို နောင်ဘဝ၌ အပါယ် ၄ ပါးကိုဖြစ် စေပါသနည်း ?

ယနေ့ ဗုဒ္ဓဘာသာဂတွေက ဤသည့်အရာမျိုးကို မကြုံရ မကြုံကောင်းဟု ဆိုသော်၊ မနေ့က လမ်းစဉ်အရ ဆိုရာ၏၊ ဗုဒ္ဓကိုယ်တိုင်က လွတ်လပ်ရေး လမ်းစဉ်တွင် (သမ္မာ သင်္ကပ္ပ) အမှန် ကြုံရမည်ဟု အဘယ့်ကြောင့် ညွှန်ပြ ထားခဲ့ပါသနည်း ? စာဖတ်သူ ယနေ့ စဉ်းစားဖွယ် ဖြစ်သည်။

၎င်းပြင် ယနေ့ဗုဒ္ဓဘာသာဝင်သည်၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ဆုတောင်းစာရင်းထဲ့သို့သွင်းထားသည်။ အဘယ်သူက ပေး၍ ရပါမည် နည်း? ပေးပိုင်သူကား အဘယ်သူနည်း ?

ဤသို့အားဖြင့်၊ ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည်၊ စိတ်ကူးစိတ်သန်းဖြင့် ထင်ရာ စွဲရာ တွေကို ပြုလုပ်ဆောင်ရွက် နေကြသည်မှာ ယနေ့ဗုဒ္ဓဘာသာဝင်တို့ကို စာဖတ်သူ မျက်စိဖြင့် အမြင် ဖြစ်လေသည်။ ကျွန်ုပ်တို့ကား အထူး ချဲ့ထွင် ပြောဆို ရေးသား နေရန် မလိုဖြစ်သည်။

**မီး ၁၁ မီး လောင်ပုံ**

ပစ္စည်း အာမိသ အမွေကို အဘယ်ကြောင့် ယနေ့ ဗုဒ္ဓ ဘာသာ ဝင်တို့ကို မခံကြစေရန် ကန့်မြစ်တော် မူပါသနည်း? ဤသည့် အာမိသ အမွေကို ခံယူသဖြင့် မီး ၁၁ မီးလောင်သောကြောင့် ကန့်မြစ်ခြင်းဖြစ်လေသည်။ မီး ၁၁ မီး လောင်ပုံမှာ။ ။

၁။ ပစ္စည်း အာမိသကို တသိမ်းနစ်သက်သော ရာဂမီး တောက်လောင်ခြင်း။

၂။ အလိုကာမပြည့်စုံခြင်း၊ မပြည့်စုံခြင်း အကြောင်းခံ၍ ဒေါသမီး တောက်လောင်ခြင်း။

၃။ လောကဆင်းရဲကို မသိ တွေဝေသော မောဟမီး တောက်လောင်ခြင်း၊

၄။ ဘုံဘဝသစ်တခု၌ ဖြစ်ပွါးရခြင်း ဇာတိမီးတောက်လောင်ခြင်း။

၅။ အိုမင်း ရင့်ရော်ခြင်း၊ ဇရာမီးတောက်လောင်ခြင်း။

၆။ သေပျောက် ပျက်စီးရခြင်း၊မရဏာမီး တောက်လောင်ခြင်း။
၇။ စိုးရိမ်ခြင်း သောကမီး တောက်လောင်ခြင်း။
၈။ ငိုကြွေးရခြင်း ပရိဒေဝမီး၊ တောက်လောင်ခြင်း။
၉။ ကိုယ် မကျန်းမာခြင်း၊ ဒုက္ခမီးတောက်လောင်းခြင်း။
၁၀။ စိတ်ဆင်းရဲရခြင်း ဒေါမနဿမီး၊ တောက်လောင်ခြင်း။
၁၁။ ပြင်းစွာ ပင်ပန်းရခြင်း၊ ဥပါယာသမီး တောက်လောင်ခြင်း။

ဤသို့အားဖြင့် အာမိသအမွေကို ခံခြင်းကြောင့် မီး ၁၁ မီးတို့တောက်လောင်ပုံကို၊ သိအပ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဂေါတမ က အိုဗုဒ္ဓဘာသာဝင် သူစင်သူမြတ်တို့ သင်တို့သည်။ ငါ၏ သာသနာတော်၌ အာမိသအမွေခံ မဖြစ်ကြကုန်လင့်ဟု ကန့်မြစ်လေပြီ။

**အာမိသ အမွေ** အာမိသ အမွေဆိုသည်မှာ၊လူစွဲး နတ်စွဲး၊ ဗြဟ္မာစွဲး ဖြင့်၊ ဘုံ ဘ ဝ သစ် တခု ကောင်းစားရရောက်ရေးအတွက် (ကာမ အဆာ) (ဘဝ အဆာ) (ဝိဘဝ အဆာ) ဟူသော တဿမက်မှု ၃ မျိုးဖြင့် တဿမက်၍ ဘုံဘဝ အစွဲးအလမ်းဖြင့် ဒါန၊သီလ၊ ဘာဝနာ၊သုစရိုက်၊ ဒုစရိုက်ကုသိုလ်၊အကုသိုလ် စသည်ကို ပြုလုပ်ခြင်း။

မင်္ဂစွဲး၊ ဖိုလ်စွဲး၊ နိဗ္ဗာဏ်စွဲးဖြင့် အရွတ် အရိုး လမ်းစဉ်အတိုင်း၊

ဣဒံမေ ပုညံ၊ အာသဝက္ခယံ၊ ဝဟံ ဟောတု။
ဣဒံမေ ပုညံ နိဗ္ဗာဏဿ ပစ္စယော ဟောတု။

စသည့်စကားမျိုးဖြင့် ဆုတောင်းကာ၊ ဒါန၊ သီလ၊ ဘာဝနာစသော အလုပ် တွေကို ပြုလုပ်ခြင်းစသည်တို့ကို အာမိသအမွေဟုဆိုသည်။
အဲဒီ အလုပ်တွေထဲမှာ ဘုရားရှိခိုးခြင်း,ဆွမ်းတော် ပန်း တော် ရေချမ်းတော် ကပ်ခြင်း, ဆွမ်းတော်ကြီး ဟင်းပွဲ လုပ်ခြင်း, ၂ ကျိပ် ရှစ်ဆူ လှည့်သည့် အလုပ်တွေ၊ ဘုရားပွဲ လုပ် ခြင်း။ စေတီ ဗုဒ္ဓရုပ်း တည်ခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ မဟာဒုတ်မဲလုပ်ခြင်း၊ ဆွမ်းကြီး

လောင်းခြင်း၊ အရပ်ရပ် လှည့်ပြီး၊ ဘာဖို့ ညာဖို့ စသည် ခံခြင်း၊ ခမောက်မှာ စာတမ်းပြီး ဘာဖို့ ညာဖို့ စသည့် ခံခြင်း၊ ၁၂ လ ၁၂ ရာသီ အလိုက် စွဲးလမ်း၍ ပြုလုပ်ခြင်း, စသည့် ယနေ့ ဗုဒ္ဓဘာသာဝင်တို့ ပြုလုပ် နေကြသည့် အလုပ်များသည်၊အာမိသအမွေများဖြစ်ကြလေသည်။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းပြောရလျှင်၊ မဂ် အကျင့် ဖိုလ် အကျင့် မဟုတ်သော အလုပ်ဟူသမျှသည်၊အာမိသ အမွေသာဖြစ်လေသည်။ ယင်းသို့ဖြင့်၊ ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည်၊ ငွေကုန် သံပြာ မဖြစ်ကြရန် သတိထားသင့်သည်။

## ဓမ္မအမွေ

မ္မ အမွေ ဆိုသည်မှာ၊ မဂ်အကျင့်ကို ကျင့်ကြံအားထုတ်ခြင်းကိုဆိုသည်။ အချို့သော ယနေ့ ဗုဒ္ဓ ဘာသာဝင်တို့က ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်ပြုပြီး၍၊ နှစ်ပေါင်း တထောင် ကျော် လောက်မှ ဖြစ်ပေါ်လာသည့် လက်သစ် အဘောကမင်း။ လက်သစ် အရှင်မဟာ မောဂ္ဂလ္လိပုတ္တတိဿ ရဟန္တာပြုကာ၊ ရေးသား ထားသည့် စာပေကို အလေး ပြုကာ မိမိသား + သူတပါးတို့သားတို့ကို ရှစ်ဖြာသော၊ ပရိက္ခရာ တို့ဖြင့်၊ သာသနာတော်တွင်းသို့၊ သွပ်သွင်းခြင်းသည် ဓမ္မအမွေဖြစ်သည်၊ ဤသည့် အကျိုးဆက်ကြောင့်၊ နောင် ဗုဒ္ဓတို့ လက်ထက်တွင်၊ ဗုဒ္ဓက ညာလက်တော် ဆန့်တန်းပြီး (ဖေးဟိ ဘိက္ခု) စသည် ခေါ်လိုက်သည့် အခါ၊ ဝါသ် ၆၀ ရပြီးသော မထေရ်ကြီးကဲ့သို့၊ လူပုံစံ ပျောက်ပြီး၊ ရဟန်းပုံစံ ရောက်လာ ဖြစ်လာသည်ဟု ပြောဆို ညွှန်ပြ နေသည်ကို ထိုသည့် အလျှသျှင်သည်၊ တသ်မက်မှု၊ စွဲးလမ်းမှု၊ ခံစားလို မှုတွေ ဝေဝေဆာဆာ၊ သွားရည်ဖြာဖြာ ယိုစီး ကျနေ ပေရကား၊ အဘယ်မှာလျှင် ဓမ္မအမွေခံ ဖြစ်နိုင်ပါတော့ အံ့နည်း။

ရင်းပြင်၊ ဤသည့် စာပေအတိုင်း ဆိုလျှင်၊ဤမျှအရေးကြီးသည့် တမူဖွယ်ကို ဗုဒ္ဓသာသနာပြု၊အသောကမင်းကြီးသည်၊ရင်း၏ ကျောက်စာတိုင်တို့တွင်၊မှတ်တမ်းတင်ကာ ဘာ့ကြောင့် မစိုက်ထူခဲ့ပါသနည်း ? ဤသို့ဖြင့်လည်း စာဖတ်သူသည်၊ ဆင်ခြင်တုံ အသိဉာဏ်ဖြင့် လေ့လာသင့်ပေသည်။

မမ္ဂအမွေ၏ ဆိုလိုရင်းမှာ၊ ယခု ပစ္စုပ္ပန် မျက်မှောက်သော ယနေ့၌ပင်၊ မဂ်ဖိုလ်ကို ကိုယ်တိုင်ရရောက်အောင် ပြုလုပ်ဆောင်ရွက်သည့် အကျင့်ကို ဆိုသည်။

**မဂ်အကျင့် ဆိုသည်မှာ**

မဂ်အကျင့်ဆိုသည်မှာ၊ ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည်၊ မိမိနှင့်မျိုးတူ၊ ဇာတ်တူ၊ ဘဝတူပုံစံတူလူဒုအကျိုးအတွက်။ လူဒုတရပ်လုံး၏ ကျန်းမာရေးချမ်းသာရေးကို၊ ဗုဒ္ဓဂေါတမ၏ လမ်းစဉ်ဖြစ်သော (တထ ဂတ) (ပြောသလိုလုပ်၊ လုပ်သလိုပြော) အတိုင်း ရဲရဲတောက် ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုသည်။ မှန်လှ၏၊ ဗုဒ္ဓသည် ပထမ မိမိကိုယ်တိုင် အမှန်တရား ၄ ပါးကို၊ ကြောင်းကျိုးစပ် သဘောဖြင့်၊ အမှန်မြင်ပြီး ဟာကဲ့လူအဖြစ်သို့ ကိုယ်ဘိုင် ရရောက်ပြီးသည့် အခါ၊ မည်သည့် နွားချောင်းသား ကုလား တဦးတလေမျှ မတောင်းပန်ရပဲ၊ တကဲ့လူ သဘောထားဖြင့်၊ ထိုသည့် ခေတ်က ထွန်းကား ထင်ရှား နေသည့်၊ ခေတ်ပညာတတ် + ရင်းပြင်၊ ထိုသည့်ခေတ်ကပေါ်လွင်ထင်ရှားနေသည့် (ယောဂ) လမ်းကိုပင် တဖက်ကမ်းရောက် ကိစ္စ ပြီးမြောက် နေကြသူ၊ ပဉ္စဝဂ်တို့ကို မိဂဒါဝုန်တွင် တကဲ့လူတို့ လိုက်နာအပ်သည့် မေ့စက် ဒေသနာကို လ အားဖြင့် ၃ လ၊ ရက်အားဖြင့် ရက်ပေါင်း ၉၀ ညွှန်ပြပြီး၊ တကဲ့လူဒု အစည်းအရုံးဖွဲ့စည်းကာ၊ တဦးလျှင် တလမ်းစီ ယင်းသည့် ကြေငြာချက်ဖြင့် စေလွှတ်ပြီး၊ ကပ္ပါ လောက သားတို့ကို တကဲ့ လူဒုဖြစ်ရန်၊ စည်းရုံး စေလေသည်၊ ယင်းသည့် ကြေငြာစာတမ်းမှာ၊

အို-ကပ္ပါလောကသားတို့ ! သင်လူဒုတွေ၏ အကျိုးအတွက် လူဒု တရပ်လုံး၏ ကျန်းမာချမ်းသာမှုအတွက်၊ လူဒုတရပ်လုံးကို သနားငဲ့ညှာရန်အတွက်၊ လူဒုတရပ်လုံး၏ စီးပွါးရေး၊ ကြီးပွါးရေး အတွက် ဤသို့လှည့်လည်၍ မှန်သောတရားကို ညွှန်ပြရ ခြင်းဖြစ်သည်။

ဤသို့ဖြင့် (လာဘ သိလောက)စသည့် ကို မလိုက် စားပဲ တရား လမ်းစဉ်ကို ညွှန်ပြ၍ လူဒုတရပ်လုံး ကျန်းမာ ချမ်းသာခြင်း စသည်ကို ပြုလုပ် ဆောင်ရွက်ပေးသော အကျင့်သည် မဂ်အကျင့်ဖြစ်သည်။

ယင်းသည့် ကြောငြာချက်၌ (ဗဟုဇန ဟိတာယ) ဟု ပါဠိဘာသာ ဖြင့် ရေးသား ထားသည့် စကားတရပ်သည်၊ အရေးတကြီး လိုက်နာ ဆောင်ရွက်ရမည့် အလုပ်ဖြစ်သည်၊ထိုအလုပ်သည်။အဖြူအစင်သန့်ရှင်း ကြည်လင်သည့် ရုပ်ဓာတ်ကို ပြုပြင် ပြီးသော အရိယ တို့၏ အလုပ် ဖြစ်သည်။ ကမ်သတ္တဝါ ကမ်ကောင်တို့၏ အလုပ် လုံးဝမဟုတ်ပေ။ ထိုသည့်စကားလုံးနှင့် မညီညွတ်သော အလုပ်ဟူသမျှသည်ရှာည်း၊ ဗုဒ္ဓ ဘာသာဝင်တို့အလုပ် လုံးလုံး မဟုတ်ချေ။

စာဖတ်သူ အထူးမှတ်ရန်မှာ၊ယနေ့ ကပ္ပါလောကကြီး၌ ယှိယှိသမျှ သော သက်ယှိ သက်မဲ့ ၂ ရပ်လုံးသည်။ အရင်းခံ ဓာတ်ကြီး ၄ မျိုး နှင့် ဓာတ်တက် ဓာတ်လက် ၀ မျိုး + ၉ မျိုးမှ စတင်ဖြစ်ပွား၍ လာ ကြခြင်းဖြစ်သည်။ ထိုသည့် ၂ မျိုးတို့တွင်....။

၁။ သက်မဲ့ အရာ ဝတ္ထု စသည်တို့သည် ၎င်းတို့ကို စတင် ဖန်တီးလိုက်သော မြေ၊ရေ၊မီး၊လေ ဟူသောသဘာဝဓမ္မ မိခင် ကြီး၏ သဘာဝအတိုင်း လူဒုတရပ်လုံး အတွက်၊ မိမိအဖြစ် ကိုပင် ဖြစ်စေလေသည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ အလိုက် စည်းလုံး ညီညွတ်မှု ယှိနေလေသည်။

၂။ သက်ယှိတမျိုးမှာလည်း (က) မိမိကို စတင် ဖန်တီး လိုက်သော၊ မြေ၊ရေ၊မီး၊ လေ ဟူသော သဘာဝ ဓမ္မနိယာမ မိခင်ကြီး၏ သဘာဝအတိုင်း၊ သတ္တဝါဒု ဇာရပ်လုံး အတွက် မိမိ၏ အဖြစ်ကို ဖြစ်စေသည့် သတ္တဝါ သက်ယှိတမျိုး။ (ခ) ထိုသည့် သဘာဝ ဓမ္မ နိယာမ မိခင်ကြီး၏ သဘာဝအတိုင်း သတ္တဝါဒု တရပ်လုံးအတွက် မိမိ၏ အဖြစ်ကို မဖြစ်စေပဲ၊မိမိ

တဦးတည်း တဖွဲ့တည်း တပါတီတည်း အတွက် ဖြစ်စေသည့် သက်ယို သတ္တဝါတမျိုး။

ဤသို့အားဖြင့် ၂ မျိုးဖြစ်လေသည်။ ထိုသည့် ၂ မျိုးတို့တွင်(က)အမျိုးသည် တကဲ့လူဖြစ်သည်။ (ခ) အမျိုးသည် ပုံစံတူ ကမ်သတ္တဝါကမ်ကောင်ဖြစ်သည်။ တကဲ့သူကို ဗုဒ္ဓဘာသာဟု ဆိုသည်၊ ကမ် သတ္တဝါကမ်ကောင်ကား၊ ဗုဒ္ဓဘာသာ လုံးဝမဟုတ်ပေ။ ယင်းသို့ဖြင့် စာဖတ်သူသည်၊ မိမိယနေ့ဖြစ်နေသည့် အဖြစ်၌ ငါသည် ဘာလဲ? ဟု စိစစ်ရန် ဖြစ်သည်။ရင်းပြင်၊ ယနေ့ ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓ ဘာသာ မှ ဟုတ်ကြပါရဲ့လား ? ဟူ၍လည်း စိစစ်ရန်ဖြစ်သည်။

စာဖတ်သူ ထပ်ဆင့်ပြီး အထူးသတိသားဖို့က၊ မနေ့ တခေတ်က ဘာသာရေး သာသနာရေးနဲ့ ပတ်သက်လို့။ မှန်ဒါပြောရင် မိစ္ဆာဒိဋ္ဌိလို့ စွပ်စွဲးခံရတယ်။ ဒါပေမဲ့ အဲးဒီစွပ်စွဲးချက်က၊ ရေချိုးရေငံ ငါး ၂ မျိုးနဲ့ မနီးစပ်ပူး၊လွတ်ကင်း နေတယ်။ ယနေ့တခေတ်က ဘာသာရေး၊ သာသနာရေးနဲ့ ပတ်သက်လို့ မှန်ဒါ ပြောရင် စ က ား သစ်ကလေး တလုံးနဲ့ အစွပ်စွဲးခံရတယ်။ အဲးဒီစွပ်စွဲး ခံရဒါ ကတော့ ဂုဏ်ထူးတခုပိုတယ်။ ရေချို ရေငံ ငါး ၂ မျိုးကိုပြပြီး၊ စံပြ တနေရာရာကို မို့ထားတတ်တယ်၊ အဲးဒီစကား အသစ် စက်စက် ကလေးက ကွန်မြူနစ်တဲ့ ယနေ့ ဤစာရေးသူ ကျနုပ်အဖို့ကတော့၊ ကွန်မြူနစ်လို့ ဘွဲ့ထူးရတဲ့ (မာ့က်စ်ဝါဒ) အရင်းခံကိုတော့ မဖတ်ပူး ပါပူး။မနေ့တခေတ်က-သခင် တခင် ဘာသာပြန်ဒါကိုတော့ ဖတ်ပူးတယ်။ယနေ့တော့ ဒီသခင်ဟာ မယှိတော့ ပါပူး။ ဦးဖြစ်သွားပါပြီ၊ ဒါပေမဲ့၊ တခုအမှန်သူရဒါကတော့ ဗုဒ္ဓ ဂေါတမရဲ့ (တထ ဂတ) မှတ်ကျောက်တင် မခံဒါ၊ မျက်စိနဲ့ မြင်ရတော့ တကဲ့လူ၊ ဗုဒ္ဓဘာသာ မဟုတ်ပူး ဆိုဒါပါပဲး။ ဒါမျိုးကို အရှေခြုံလို့ ခေါ်ဒါပေါ့။ အ ရေခြုံ ဆိုဒါ၊ တနေ့ အမြီးပေါ်လာဒါပါပဲး။အရေခြုံ ခြင်္သေ့ကြီး အမြီးပေါ်လာရုံတော့ တော်ပါသေးရဲ့။ ဒုတိယ ဇောက်ထိုး ဖြစ်မှာစိုးရတယ်။ မနေ့တခေတ်က ဗုဒ္ဓ ‘(ဒုသမ္ဗုဒ္ဓညူဥာဏ်) နဲ့ ပတ်သက်ပြီး၊ ပထမ ဇောက်ထိုးတဦး ပေါ်လာ

ပူးတယ်။ ယနေ့တခေတ်မှာတော့ (သမ္ဗုဒ္ဓညူဥာဏ်) တွင် မဟုတ်ပူး၊ ဗုဒ္ဓရဲ့ (မဟာ ကရုဏာဉာဏ်) တော်ပင် ပါဝင်လာတယ်။ ဒီတော့ ဒုတိယ ဇောက်ထိုးလို့များ ဖြစ်လာကြအုံးမလား မသိပူး။ ဒါပေမဲ့လို့ ဗက်ဂရောင်းကတော့။ ဆင္ဓနဲ့ ရိပ်သာ တမြုံ့လုံး ဆိုတော့ တောင့် ပါတယ်။

ဗုဒ္ဓ ဂေါတမရဲ့ ကြေငြာစာတမ်း က တော့ ရှင်းရှင်းကြီးပါ။

ဗဟုဇန ဟိတာယ၊
ဗဟုဇန သုခါယ၊
လောကာနု ကမ္ပါယ၊
အတ္တာယ ဟိတာယ သုခါယ

လို့ (ဘာထဲ)လမ်းစဉ်အရ ဆိုထားသဖြင့် (ဂတ) လမ်းစဉ်အရ ဘယ် နွားကျောင်းသား တဦး တလေမျှ၊ မတောင်းပန်ရပါပူး။ ဟောတဲ့ အလုပ် လုပ်မှာ ပါပဲ။ သီဟိုဠ် ဝိဋ္ဌကဆောင်တို့က ဗုဒ္ဓ ဂေါတမ ကို သက်သက် ဖြဲဖျော့ လက်တွင်း ရုပ် လုပ်ပစ်ခဲ့ခြင်းဖြစ်တယ်။ဒါကိုယနေ့ ဗုဒ္ဓဘာသာဝင်တို့က ဂျူသွင်းထားကြသေးသည်။

**သီဟိုဠ် အ-ဖုံ** } သီဟိုဠ်အ-ပုံက လွန်လွန်းသည်။ဗုဒ္ဓ၏ အသားရောင် ကို ရွှေအဆင်းဟု ဆိုထားလေသည်။ ဘာ့ကြောင့် ဤသို့ဆိုသနည်း ? သူတို့က မဇ္ဈိမဒေသမှ လွတ်နေ သည့် အရပ်သားတွေ ကို တွေ့ရ သဖြင့်၊ များသော အားဖြင့်။ အသားမဲတွေ ဖြစ်သည်။ မဇ္ဈိမဒေသသားတွေ တွေ့ရပြန်တော့ များ သောအားဖြင့် အသားဖြူတွေ ဖြစ်နေသည်၊ ဤသို့ဖြင့်......၊

၁။ ပစ္စန္တရာဇ်သား ပကတိလူတို့ကား အသားမဲသည်။
၂။ မဇ္ဈိမတိုင်းသား မဇ္ဈိမ လူတို့ကား အသားဖြူသည်။
၃။ မဟာပုရိသဖြစ်သည့် ဗုဒ္ဓကား အသား ရွှေရောင် လို ယှိရမည်၊

ဟု စိတ်ကူး စိတ်သန်းထုတ်ကာ (အ) ကြောင်း ဖေါ်ပြ လိုက်သည်။

၎င်းပြင်၊ ဗုဒ္ဓ၏ ကိုယ် ယပ်တော်ကိုလည်း၊ ဤသို့ ၃ ချက်ချပြီး ၁ဂ တောင်ယှိသည် ဟု အလွန် (အံ့) ကြောင်း ဖေါ်ပြလိုက်သည်။

ယင်းသို့ပင်ဖြစ်စေကာ၊ ယနေ့ဗုဒ္ဓဘာသာကတော့ သီဟိုဠ်မှ သီဟိုဠ် ဟု အဆွဲးပြင်းထန် သန်၍ နေကြလေသည်။ ညောင်ပင်ချင်း အတူကူ မြန်မာပြည်မှာ ပေါက်ထာကိုတော့ ညောပင်, သီဟိုဠ်မှာ ပေါက်ထာ ကိုတော့ ဗောဓိပင်ဆိုပြီး ရှိခိုးနေကြသေးသည်။ ငအ-က မွေးတဲ့သား ဟာတော့ ဖအေ ထက် သားက တလ မကြီး ပါပူး။ ငအ-ငအ ဝဲး မွေးမှာပဲးဖြစ်သည်။ ဤသည့်စကားက မနေ့က သတ္တဝါတွေ သုံးထား သည့်စကား အတိုင်း သုံးလိုက်ခြင်းဖြစ်သည်။

ဒီတော့ နွားကျောင်း နေတဲ့ ကုလားကြီးကို ဖြဟ္မာ ထင်ပြီး ရေး ထားခဲ့သလား မပြောတတ်ပူး။

**ဆန့်ကျင်ဖက် သဘော** } ဓမ္မ ည် သည့်အလုပ်မျိုးမဆို၊ လောက၌ ဆန့်ကျင် ဖက်သဘော ဖြစ်ပေါ် ရမည်မှာ ဓမ္မတာ သ ဘောတရားပင် ဖြစ်လေသည်။ ယနေ့ လောက သည်လည်း ဤအတိုင်းပင် ဖြစ်နေလေသည်။ ထို့ကြောင့် ဗုဒ္ဓသည်၊ သူ၏ တကဲ့လူစာရင်းဝင်တို့အား၊လောကသဘာဝ ဖြစ်ပေါ်လာတတ် သည်၊ လောက ဓမ္မ ၄ စုံနှင့် ရင်ဆိုင် တွေ့ကြုံသည့် အခါ၊ အရေးထူးဖို့ အများကြီးသတိပေး ညွှန်ပြထားခဲ့လေသည်။ မှန်လှ၏၊ ယနေ့ လည်း၊ ဗုဒ္ဓဘာသာ အတုယောင် (ကိုမျိုးနစ်) တို့က ဗုဒ္ဓဘာသာဝင် အစစ် အမှန်တို့ကို မြန်မာနှင့် ကမ္ဘာသို့ရန်တိုက်သည့် သဘောဖြင့်(ကွန်မြူနစ်) ဟု စွပ်စွဲး နေကြလေသည်။ ထိုနည်းတူ၊ ဗုဒ္ဓတခေတ်ကလည်း ပုရာဏ ကဿပ စသော ဆန့်ကျင်ဖက် ဂိဏ်းသားတို့သည်၊ အထင်အရှားပင် ယှိလေသည်။ ၎င်းတို့က ဖြဟ္မာကို ဘုရား လုပ်ထားသည်။ ၎င်းဖြဟ္မာ နေတဲ့နေရာကိုနိဗ္ဗာန်လုပ်ထားသည်၊ ဤမျှအထိ ဖြောင့်ဖြောင့် ကြီး ဆန့်ကျင်နေသည့် သူတို့က ယနေ့ ဗုဒ္ဓတခေတ်မှာ၊ ငါတို့ဝါဒကမ္ဘာကို မလွှမ်းမိုး နိုင်သော်လည်း၊ နောင် ကာလ လျား၍ ဦးအ, ကိုအ, မယ်အ,တို့ တခေတ်မှာ ကေန် လွှမ်းမိုး နိုင်ရမည်ဟူသော သဘော

မျိုးဖြင့် အဖျက်ဝါဒ သမားတို့၏ လုပ်ကြံမှုသာဖြစ်သည်။ ဤသို့သော အဖျက်သမား ဆန့်ကျင်ရေး သမားတို့၏ လုပ်ကျန်မှုတွေကား ယနေ့ ပိဋက စာပေထဲးတွင်၊ ၁၀ ပုံ-ပုံလျှင်၊ ၉ ပုံလောက် ပါဝင် နေသည်။ သို့ပင်ဖြစ်စေကာ အမှန်တရားဟု အမှန်မြင်သူကား နည်းပါလှသည်။

တရားမှန် မမှန် ဖြစ်တတ်သည်၊
မတရား တရား ဖြစ်တတ်သည်၊
အကြောင်းကား ရှည်လျား ကာလသည်၊
ခေတ်ကြိုက်သား ဥာဏ်များ လှချေသည်။

**ဘာလုပ်ရမှန်း မသိပုံ** } ယခု နေ့ ဗုဒ္ဓဘာသာဝင်တို့ အဖို့ကို လေ့လာ ကြည့်ရသည့်အခါ၊ ယနေ့အထိ ဘာလုပ်ရမှန်းမသိသော ဗုဒ္ဓဘာသာ ဝင်တို့သာ များသောအားဖြင့် ဖြစ်၍နေကြလေသည်။ မှန်လှပေ၏၊ ယင်းသို့ ဘာလုပ်ရမှန်း မသိကြသောကြောင့်သာလျှင် တချို့က ....

၁။ မနေ့က အကြောင်းကို ဆွေးပြီးနေကြလေသည်။
၂။ နက်ဖြန်ကိုတွေးပြီး မြှော်မှန်း နေကြလေသည်။

ယင်းသည့် ၂ မျိုးသည်၊ ဗုဒ္ဓဝါဒနှင့် အလွန်မတန် ဆန့်ကျင်၍ နေသော အဖြစ်များသာ ဖြစ်လေသည်။ ဗုဒ္ဓက ဥပရိမ ပဏ္ဏာသ ပိဘက် ဝဂ္ဂ ဘဒ္ဒေက ရတ္တ သုတ္တန် ဝယ်....။

မနေ့က အကြောင်းကိုလည်းဆွေးပြီးမနေရာ၊ နက်ဖြန် အကျိုး ကိုလည်း တွေးပြီးမမျှော်မှန်းရ၊ အဘယ့်ကြောင့်နည်း၊ မနေ့က အကြောင်းသည် လွန်သွားခဲ့လေပြီ။ နက်ဖြန်အကျိုးကား ဖြစ်ကို မဖြစ်သေးသောကြောင့် တည်း။

ထို့ကြောင့် ယနေ့လက်ငင်း ကြုံတွေ့ နေရသော သဘာဝကို စနစ်ကျနစွာ စဉ်းစား ဝေဖန်သည့် သူသာ ပညာ ယှိ နိုင်သည်—ဟုညွှန်ပြ ထားခဲ့လေပြီ။

ဤသည့် ဘဝ္ဗေက ရဇ္ဇ သုတ္တန္တကို ဗုဒ္ဓကနည်းကျတရားမှန် ညွှန်ပြထားခဲ့စေကာ ယနေ့ ဗုဒ္ဓ ဘာသာဝင်တို့မှာမူ ဘာလုပ်ရမှန်းကို မသိဖြစ်၍ နေကြလေသည်။

**ဗုဒ္ဓဘာသာ အလုပ်** } ဗုဒ္ဓဘာသာဝင်တို့ ယနေ့ လုပ်ရမည့်အလုပ်ကား မိမိတို့၌ထင်ရှားယှိနေသည့်မျက်စိ၊နား၊နှာခေါင်း လျှာ၊ကိုယ် တို့ကိုသန့်ရှင်းစင်ကြယ်အောင် ပြုပြင်ပေးရမည်။ အဘယ်သို့ ပြုပြင်ပေးရမည်နည်း ?

၁။ အစား၊

၂။ အသောက်၊

၎င်း ၂ မျိုးဖြင့်ပြုပြင်ပေးရမည်။အဘယ်ကြောင့်နည်း ? အစားသည်—

၁။ မျက်စိစသော ရုပ်ခတ်ကိုငြစ်ငြမ်းစေတတ်သည်။

၂။ မျက်စိစသော ရုပ်ခတ်ကို သန့်ရှင်းစေတတ်သည်။

အသောက်သည်လည်း....၁။ မျက်စိစသော ရုပ်ခတ်ကိုငြစ်ငြမ်းစေတတ်သည်။

၂။ မျက်စိစသော ရုပ်ခတ်ကိုသန့်ရှင်းစေတတ်သည်။

ယင်းသို့ဖြစ်သဖြင့်ဗုဒ္ဓဘာသာဝင်အသီးသီးတို့၌ တကယ်ယှိ၊အဟုတ်ယှိ ဗုဒ္ဓဂေါတမ ယှိလျှင်လည်း မယှိပူးဟု ဟောညွှန်၍ မဖြစ် ကေန်ယှိ ယှိနေသည့်၊မျက်စိစသော ရုပ်ခတ်တို့ကို ငြစ်ငြမ်းမှု သန့်ရှင်းမှုအတွက် အစား အသောက်ဖြင့်သာ ပြုပြင်ရမည်။ အစား အသောက်မှ တပါး ပြုပြင်ရန် ဘာမျှမယှိချေ၊ မှန်လှပေ၏။လောက၌ ဗုဒ္ဓသော်မှ ယှိသည်ကိုသာ ပြုပြင်၍ ဖြစ်သည်။ မယှိသည်ကို ပြုပြင်၍ မည်သည့် အခါမျှ မဖြစ်နိုင်ချေ။ ၎င်းပြင်၊ ယှိသည်ကို ယှိဒါနှင့် ပြုပြင်မှ ဖြစ်သည်။ မယှိ ဒါနှင့် ပြုပြင်၍ မဖြစ်နိုင်ချေ။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့ကား ယှိဒါကို ယှိဒါနှင့်မပြုပြင်ပဲ၊ဖြစ်ထာနှင့် တချို့ ပြုပြင်နေကြသည်။ တချို့မှာမူ ယှိဒါကိုမပြုပြင်ပဲ ဖြစ်ထာကို

သွား၍ ပြုပြင် နေကြသည်။ ယင်းသို့ဖြင့် တရားမှန်သည် မတရားဖြစ်၍ နေလေသည်။ မတရားက တရားဖြစ်၍ နေသည်မှာ၊ စာဖတ်သူ မျက်စိမြင် နားကြား ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ နှစ်ပေါင်း ၂၅၃၄ နှစ် ကာလ လျား နေရကား၊ ခေတ်သားတို့ ဥာဏ်များကြသောကြောင့် ဖြစ်လေသည်။

ယင်းသို့ဖြစ်ရာ ကျနုပ်တို့ကား ဗုဒ္ဓဂေါတမ ဖက်က၊ ရှေ့နေ လိုက်ကာ ဆုံးရှုံး နစ်နာ နေသည့် ဗုဒ္ဓသာသနာမှုကြီးကို အမှု ပြန်ဖွင့်၍ ဗုဒ္ဓတရားမှန် အနိုင်ရရန်အတွက်၊ ပရိယတ် အခြေခံ ဥပဒေအရ အရေးခြုံ သစ္စာဖေါက် ဖြစ်သည့် တရားခံများကိုလည်း၊ ဖေါ်ထုတ် ညွှန်ပြသင့်က ဗုဒ္ဓဘာသာဒ ခုံရုံးတွင် တင်၍ ညွှန်ပြရမည်။ သို့ပင် ညွှန်ပြ စေကာ ရှေ့နေ ဝတ်လုံတို့၏ သဘာဝသာဖြစ်သည်။ မုန်းတီး ဝန်တို မလိုသော သဘောသွားမျိုး လုံးဝမယှိချေ။ သို့ရာတွင်၊ ခုံရုံးတွင် ဆိုင်နေသည့် ဗုဒ္ဓဘာသာဒသည်၊ တရားမှန်ကို အာသီသထား၍ ကျနုပ်၏ ဝေဖန်ချက်ကို တင်းပြည့် ကျပ်ပြည့် မှီနိုင်ကြရန်သာ မျှော်မှန်းမိသည်။

**အပြီးသတ် စကား**

**အခ** ပြီးသတ်စကားဖြင့် ရေးသား ပြလိုသေးသည်မှာ ဗုဒ္ဓ၏ (ဗဟုဇန ဟိတာယ) ဟူသော ဤသည့် လွတ်လပ်ရေး စခန်း လုပ်ငန်း တရားကား၊ မုချ အားဖြင့် ကျင့်ဆောင် ရရန်၊ လွန်စွာ ခဲ့ယဉ်းလှလေသည်။ အလှည့် သိန်းရေ တသန်း လည်စေကာ ယင်းသို့သော လူ့ဒုတရပ်လုံးအတွက်၊ ၎င်းတို့အကျိုး လွတ်လပ်ရေးမျိုးကျင့်ကြံခွင့်မှာ၊ တလှည့်ကြရန် ခဲယဉ်း လှစွာ ဖြစ်လေသည်။ ကိုယ်တိုင် ပြုလုပ်ဆောင်ရွက်ဖို့ပင် မဆိုထားပါ၊ ကြားနာခွင့်ပင် အလွန် ခဲယဉ်းသဖြင့် လွယ်ကူစွာ မဖြစ်နိုင်ပချေ။ မှန်လှပေ၏၊ ဥပမာ အင်္ဂလိပ် တို့လက်တွင်း၌၊ နှစ်ပေါင်း တရာ လောက် ကျွန်သပေါက် ဖြစ်နေရသည့် အဖြစ်မှ မြန်မာ တိုင်းရင်း တိုင်းဖျားသားတို့ လွတ်လပ်ရေး ချမ်းသာကို၊ အနှစ်တရာကြာမှ ဗိုလ်ချုပ်အောင်ဆန်း တယောက် ပေါ်ပေါက်လာပီသို့၊ ထိုနည်းတူစွာ၊ ဤသည့် ဗုဒ္ဓ၏

(ဗဟုဇန ဟိတာယ) ယနေ့ လမ်းစဉ်ကြီးသည်၊ နှစ်ပေါင်း ၁၆၀၀ နီးပါး ကွယ်ပ နှစ်မြုတ်၍၊ ဘုရားကျွန်၊ တရားကျွန်၊ ပုဉ်းကြီး ကျွန်၊ စာပေကျွန်၊ စေတီကျွန်၊ ဗုဒ္ဓပြင်းကျွန်၊ နတ်ကျွန်၊ ဗေဒင်ကျွန်၊ စသည်၊ ယနေ့ ဗုဒ္ဓဘာသာအတုံ အယောင် တို့ ပြုလုပ် နေသည့် ကျွန်ဘဝမှ လွတ်လပ်ရေး လူဒုတရပ်လုံး အကျိုးရရောက်ရန်၊ တရားမှန် ရေးသား ပြောဆိုသည့်....။

၁။ ပကာသနီယ ကမ် ဂုဏ်ကြီးသျှင် အရှင်အာဒိစ္စဂံသ။

၂။ တောင်တွင်းကြီး အနှင်ဥက္ကဋ္ဌ၊

၃။ ဗုဒ္ဓဝါဒ ဓမ္မဒေသက အရှင်ဝါသဝ၊

ရှင်းတို့ ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပေါ်လာဖို့ကလည်း၊ မလွယ်ကူချေ။ ခဲ့ယဉ်းလှပေသည်။

ပြီးပြီ၊

# ကမ္ဘါ့ပြသာနှာကျမ်းကြီး

ထွက်ပြီ။

တအုပ် ၅-ကျပ်။

သူတော်တရား-ကြားနာဖို့ရာ-ခဲယဉ်

ယနေ့အခါ အလွန်လိုလေသည့်

# ဗုဒ္ဓဝါဒပုံရှိုပိသုပိဓဝဓ

## သာသနာပြု၊

ရန်ကုန်မြို့၊
ပုဇွန်တောင်-စက်ဘူရပ်၊

**ဦးညွန့်-ဒေါ်သိန်းကြီး**

နှင့်

**သား-သမီးများ**

၏

ဗုဒ္ဓဝါဒ-တတိယ-မေတ္တာလက်ဆေ

သာဓုခေါ်ရန်မလို၊

အမှန်မြင်ဖို့လိုသည်။

သီရိရတနာစာပုံနှိပ်တိုက်၊ ၃၆၊ သိတာလမ်း၊ ကျောက်မြောင်
ရန်ကုန်မြို့။